ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (6-4-2011) (၆၇၂၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီးဌာနနှစ်ခု ပေါင်းစပ်ပြီး နှစ်ကိုယ့်တစ်စိတ် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်

အသွင်သဏ္ဌာန်အရရော အနှစ်သာရအပိုင်းပါ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းတာဝန်များ အောင်မြင်မည်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဦးခင်အောင်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ယဉ်ကျေးမှုဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် နိုင်ငံတော်က တာဝန်ပေးအပ်သည့် ကော်မတီများ၌ ပါဝင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက အနုပညာဦးစီးဌာန ဖွဲ့စည်းထားရှိမှု၊ ဝန်ထမ်းအင်အားအခြေအနေနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်မည့် ဦးခင်အောင်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သတင်းအညွှန်း

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ(သတင်း) စာမျက်နှာ-၃

ပခုက္ကူဦးအုံးဖေ တည်ထောင်ထားသော ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ (သတင်း) စာမျက်နှာ-၁၀

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်ရောင်းချလိုပါက ခွင့်ပြုချက်လျှောက်ထားရန် နှိုးဆော်(သတင်း) စာမျက်နှာ-၂

ငါး၊ ပုစွန်မွေးမြူရာတွင် တားမြစ်ဓာတုဆေးဝါးအသုံးမပြုရန် သတိပေး (သတင်း) စာမျက်နှာ -၈

အင်တာနက် သဘာဝဘေးအန္တရာယ်သတင်း

ဘာသာပြန် - ရောမောင်

ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ် မြေထဲပင်လယ်ဒေသ၌ တပ်ဆင်ရန်ပြင်ဆင်

အန်ကာရာ ဧပြီ ၅

မြေထဲပင်လယ်နှင့် ထိစပ်နေသောနိုင်ငံများ၌ ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ်တစ်ရပ်ကို တပ်ဆင်နိုင်ရန် ဥရောပရှိ သိပ္ပံပညာရှင်များ ပူးတွဲလုပ်ကိုင်လျက်ရှိကြကြောင်း တူရကီ သိပ္ပံပညာရှင်တစ်ဦးက ဧပြီ ၄ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က အင်အား ၈ ဒသမ ၉ ရှိ မြေငလျင်လှုပ်ခဲ့ပြီးနောက် ဆူနာမီရေလှိုင်းဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရသည်။ ဂျပန်ပြည်သူ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး လူအများအပြား အိုးအိမ်မဲ့ဖြစ်ခဲ့ရသော ယင်းသဘာဝကပ်ဘေး ဆိုက်ရောက်ခဲ့ပြီးချိန်နောက်ပိုင်း မြေထဲပင်လယ်ဒေသအတွက် ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ်တစ်ရပ်ကို တပ်ဆင်နိုင်ရန် ဥရောပသိပ္ပံပညာရှင်များက ကြိုးပမ်းလာကြခြင်းဖြစ်သည်။

မြေထဲပင်လယ်အရှေ့ပိုင်းရှိ တူရကီပင်လယ်ကမ်းရိုးတန်းဒေသသည် **စာမျက်နှာ ၅ ကော်လံ ၆ သို့** ○

ကြေးမုံ The Mirror
၆-၄-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်

မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ၊ ဘင်းစ်စတက်၊ အက်(က်)မက်၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ အပါအဝင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း အလေးထားဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည်တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိသည့်အပြင် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများလည်းဖြစ်သည်။ ယခုအခါ နှစ်နိုင်ငံဆက်ဆံရေးမှာ မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့် မှတ်ကျောက်တင်ရမည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအထိ ဖြစ်ထွန်းနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ဆက်ဆံသွားမည့် အခြေအနေ၊ မြန်မာနိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အိမ်နီးချင်းနိုင်ငံပီသစွာ တရုတ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေး ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်ကလည်း လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန် အုတ်မြစ်ချခဲ့ကြပြီးဖြစ်၍ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု တိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံနားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်လည်ဆွေးနွေးသည်။

မြန်မာ-တရုတ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်နှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် မြင့်မားတိုးတက်လာလျက်ရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏ ပိုမိုတိုးတက်လာခဲ့ရာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာနေပြီ။ နှစ်နိုင်ငံအကြား ခေါင်းဆောင်များအချင်းချင်း၊ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းလာမှုနှင့်အတူ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။

New Mobile ၏ သင်္ကြန်အကြို အထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၅

New Mobile ၏ သင်္ကြန်အကြို အထူးဈေးရောင်းပွဲကို ဆိုင်ခန်းတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် (၂၇၁/၂၇၃)ရှိ အရောင်းခန်းမ၌ ဧပြီ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် CDMA (450) MHz, (800)MHz ဟန်းဆက်များ၊ အထိုင်ဖုန်းများနှင့် စင်ကာပူနိုင်ငံမှ တင်သွင်းသည့် GSM ဟန်းဆက်များကို ပြင်ပဆိုင်များ၌ ရောင်းချသည့် ဈေးနှုန်းထက်များစွာ ဈေးနှုန်းလျှော့ချရောင်းပေးမည် ဖြစ်သည်။

ဈေးရောင်းပွဲကာလအတွင်း Nokia Smart Phone ကိုင်ဆောင်သူများအား ကြိုက်နှစ်သက်ရာ Software သုံးခုကို အခမဲ့ ထည့်သွင်းပေးခြင်း (သို့မဟုတ်) Version များကို အခမဲ့ အဆင့်မြှင့်တင်ပေးခြင်း အစီအစဉ်များအပြင် Package အလိုက်သွင်း ယူလိုသူများကိုလည်း ၅၀ ရာခိုင်နှုန်း Discount နှုန်းထားဖြင့် သွင်းယူနိုင်မည် ဖြစ်သည်။

ထို့အပြင် CDMA 800MHz ကိုင်ဆောင် ထားသူများအတွက် အင်တာနက်လိုင်း လျှောက်ထားလိုသူများအား ဈေးရောင်းပွဲကာလအတွင်း အထူးအခွင့်အရေးတစ်ရပ် အနေဖြင့် ဝန်ဆောင်ခမယူဘဲ သက်ဆိုင်ရာသို့ပေးသွင်းရသည့် နှုန်းထားအတိုင်းသာ ရယူ၍ အလျင်အမြန်ဆောင်ရွက်ပေးမည်ဖြစ်ပြီး အခြား CDMA (450/800)MHz နှင့် GSM ဖုန်း ကိုင်ဆောင်ရန် လျှောက်ထားလိုသူများအတွက်လည်း ဝန်ဆောင်မှု ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၆၅၉၄နှင့် ၀၉-၅၀၉၁၂၈၂ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်နှင့် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ ပင်မခွဲစိတ်ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့ ဇေယျာသီရိရပ်၌ Asia World ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၀၀၊ အနံပေ ၇၀ ရှိ RC တစ်ထပ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ အလျား ၇၅ ပေ၊ အနံ ပေ ၅၀ ရှိ RC တစ်ထပ် တိုးချဲ့ဆောင်သစ် ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် သထုံမြို့ရှိ ဆောက်လုပ်ပြီးဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိကာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး တက္ကသိုလ်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် သထုံမြို့ရှိ ဆောက်လုပ်ပြီးဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်(ငြိမ်း)နှင့် ဇနီး ဒေါ်သိန်းသိန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထား

ရန်ကုန် ဧပြီ ၅

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး/ ပုစွန်စသော ရေနေသတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၅/၂၀၀၁) ဖြင့် အာဖရိကငါးခူမျိုးများမွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများမပြုလုပ်ကြရန်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးသားပေါက်ရောင်းချလိုသူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနတွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ ကန်တော်ကြီး ရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာ သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း-၀၆၇-၄၁၀၆၅၄၉၊ ၀၁-၆၄၇၅၁၂၊ ၆၃၅၁၉၆နှင့် ၆၁၁၁၂၀ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ထို့အပြင် အများပြည်သူနှင့်သက်ဆိုင်သော နေရာ၊ ဌာနများ၌ ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်နှင့် စက်ပန်းထိုး သင်တန်း (၂/၂၀၁၁)ကို ဧပြီ ၂၅ ရက်မှ စတင်၍ နှစ်လကြာ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး တိုက်အမှတ် (P) အခန်းအမှတ်(၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် (၁၀) KISS နတ်သုဒ္ဓါဒ်ပေါက်ဆိုင်၌ ရယူ၍ ဧပြီ ၂၄ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွင်းဆင်းကြီးကြပ်

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အရှေ့ပိုင်းရပ်ကွက် ကျန်စစ်သားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၁၆၆)



☆ ရှေ့ဖုံးမှ

ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုးတို့က တက္ကသိုလ် ဖွင့်လှစ်ခဲ့မှုနှင့် သင်ကြားစီမံကိန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မိတ်ဆက်ပေး

ယင်းနောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် ဦးလွင်နှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းတို့က သက်ဆိုင်ရာ ဌာနအလိုက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းပြ မြေပုံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်း ဌာနဆိုင်ရာအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဌာနဆိုင်ရာအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနား၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနအလိုက် တာဝန်ရှိသူများက မိမိတို့ဌာန အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြပါကြောင်း၊ တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်း လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းဆွေးနွေးမှုများအတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း။

သိမ်မွေ့ကျယ်ပြန့်

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းများသည် သိမ်မွေ့ကျယ်ပြန့်နက်နဲပြီး အမျိုးသားရေးအတွက်၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းရေးအတွက် အရေးကြီးသည့်လုပ်ငန်းများပင်ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် Globalization ခေတ်တွင် ဖြစ်ပေါ်လာသည့် ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ၊ မျိုးချစ်စိတ်ဓာတ်ဆိုင်ရာ စိန်ခေါ်မှုများကို တန်ပြန်ကာကွယ် စောင့်ထိန်းနိုင်ရေးအတွက် အရေးကြီးသည့် အမျိုးသားရေးလုပ်ငန်းတာဝန်များကို ယနေ့ထမ်းဆောင်နေကြရပါကြောင်း။

တင်ပြချက်များကို လေ့လာသုံးသပ်ကြည့်ပါက ဌာနတွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော်ရမည့် Routine လုပ်ငန်းများ၊ Routine သဘောမဟုတ်ဘဲ လိုအပ်ချက်အရ အထက်ဌာနများ၊ အခြားဝန်ကြီးဌာနများ၊ ပြည်ပနိုင်ငံများနှင့် ပေါင်းစပ်ပြီး အချိန်ယူစီမံဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ ခွဲခြားနိုင်ပါကြောင်း၊ ဂင်းလုပ်ငန်းများနှင့် ဆောင်ရွက်ရမည့် အစီအမံများကို ချို့ယွင်းအားနည်းချက် အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြိုတင်မြော်တွေး

မူဝါဒပိုင်းဆိုင်ရာ လတ်တလောပြောင်းလဲချမှတ်ရန် မရှိသေးသည့်အတွက် ယခင်ချမှတ်ထားသည့် မူဝါဒများအတိုင်းသာ လောလောဆယ် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ အနာဂတ် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ကြိုတင်မြော်တွေးပြင်ဆင် တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ အောင်မြင်အောင် ဖော်ဆောင်သွားရန်ဖြစ်ပါကြောင်း။

သင်္ကြန်ကာလ လုံခြုံရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝဘေးလုံခြုံရေး၊ တာဝန်ထမ်းဆောင်မှုများ အဆင်ပြေချောမွေ့စေရေး ကိစ္စရပ်များအား တာဝန်ရှိသူ အဆင့်ဆင့်မှ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

မူလကပင် လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်ပတ်သက်မှု ရှိနေသည့် မိမိတို့ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့ပြီဖြစ်သည့်အတွက် ဌာနနှစ်ခု ပေါင်းစပ်ပြီး နှစ်ကိုယ့်တစ်စိတ် လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ အသွင်သဏ္ဌာန်အရရော အနှစ်သာရအပိုင်းပါ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဌာနနှစ်ခုစလုံး၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စေမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၅

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ချွန်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများစာရင်းနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဇင်နွယ်ဦး (ဘ) ဦးစိုးသိန်း အထက(၂) လမ်းမတော် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မပြုံးပြုံးကြည် (ဘ)ဦးအောင်ကျော် အထက(၁)ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မနှင်းထက်ထက်အောင်(ဘ)ဦးမျိုးနိုင် အထက(၄)ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မဂျေဒေစီခါးပန်(ဘ) ဦးဂျေယော်ထုန် အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က ပထမ၊ မောင်ဒဂင်နမ် ဖုန်ဆန်း(ဘ)ဦးဒဂင်နမ်ခင် အထက(၁) မြစ်ကြီးနား ကချင်ပြည်နယ်က ဒုတိယ၊ မဆုမြတ်အေး(ဘ)ဦးတိတ်ဂွမ် အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ သင်္ချာဘာသာရပ်တွင် မအိမ့်မြင့်မိုရ်(ဘ)ဦးကျော်မိုးအောင် အထက(၁၆) ချမ်းအေးသာစံ မန္တလေးတိုင်းဒေသကြီးက ပထမ၊ မောင်ရဲဝင်းသူ (ဘ)ဦးသန်းဝင်း အထက(၁၆)ချမ်းအေးသာစံ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မောင်နိုင်လင်းကျော်(ဘ)ဦးနေဝင်းအောင် အထက(၄)တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က တတိယ၊ ရူပဗေဒဘာသာရပ်တွင် မောင်ဝေယံကျော်ညွန့်သင်း (ဘ)ဦးညွန့်သင်း အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဓာတုဗေဒဘာသာရပ်တွင် မောင်ချွန်လင်း(ဘ)ဦးမင်းလွင် လှေကျင့်ရေး အထက ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မခိုင်ခိုင်လွင်ကျော်(ဘ) ဦးရဲလွင် အထက(၂)စမ်းချောင်း ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မနီနီဝင်း(ဘ)ဦးမာမက်အာမင် ပြင်ပဖြေ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မထူးဒါလီဦး(ဘ)ဦးလှဦး အထက ကျုံပျော် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ သမိုင်းဘာသာရပ်တွင် မသူဇာလင်း(ဘ)ဦးကျော်ရင် အထကခွဲ မြသီတာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်က ပထမ ရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများမှာ မအေမီခိုင်(ဘ)ဦးသန်းထွန်း ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ မအေးသီတာလွင်(ဘ)ဦးရီ ရတနာပုံတက္ကသိုလ်၊ မနွယ်ဇင်ထက် (ဘ)ဦးစိန်ဌေး ဟင်္သာတတက္ကသိုလ် ၊ မဖြိုးဖြိုးသူ(ဘ)ဦးသန်းဝင်း ရတနာပုံ တက္ကသိုလ်တို့ ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီလနောက်ဆုံးသီတင်းပတ်တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲ အခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၅

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် အဌမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက် ညနေ ၃ နာရီမှစတင်ကာ ဧပြီ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ဧပြီ ၁၂ ရက် ညနေ ၃နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ ၁၃ ရက်တွင် ဘုရားရေသပ္ပာယ်ပွဲနှင့် သင်္ကြန်ဖွင့်ပွဲရိုးရာအကပဒေသာနှင့် တေးဂီတအစီအစဉ်များ၊ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ရခိုင်ရိုးရာရေကစားပွဲတော်နှင့် အဆိုအကဖျော်ဖြေမှုများပါဝင်မည့်အပြင် ရခိုင်မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများကို ကိုယ်စားပြုသော လောင်းလှေနှင့် ရေလောင်းမည့်မဏ္ဍပ် ၁၀ခုခန့်ပါဝင်မည်ဖြစ်သည်။

ထို့ပြင်ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ရက်များအတွင်း ဆိုင်ခန်းဖွင့်လိုသူများ၊ မဏ္ဍပ် ဝင်ရောက်လိုသူလှုပ်ရှားဖြူများ၊ ကူညီပံ့ပိုးလိုသော စီးပွားရေးလုပ်ငန်းရှင်များနှင့် လှူဒါန်းလိုသူများသည် ရခိုင်သင်္ကြန် ဖြစ်မြောက်ရေးကော်မတီများဖြစ်ကြသော ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဦးဦးလှမြင့် ဖုန်း-၀၉၅၀၀၂၈၃၁၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ဦးမျိုးဆွေ ဖုန်း-၀၉၅၀၀၁၁၈၀၊ ဦးစံလှမောင် ဖုန်း-၅၄၁၅၃၅၊ ဦးသန်းမောင် ဖုန်း-၃၇၂၇၆၀၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဒေါက်တာစံလှကျော် ဖုန်း-၀၉၇၃၀၁၂၂၉၆၊ ဦးထွန်းနိုင် ဖုန်း-၀၉၅၀၁၃၈၈၇၊ ဦးကျော်ဝင်း ဖုန်း-၇၃၀၂၉၃၄၃ နှင့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈ တို့သို့ အမြန်ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၁၀ ၇။ ခါသင်္ကြန်အဆိုအကများ
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ ခါသင်္ကြန်အဆိုအကများ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ သီချင်းကြီးပဒေသာ
၅း၀၀ ၇။ ခါသင်္ကြန်အဆိုအကများ
၅း၁၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀ ၉။ သန့်ရှင်းသောစွမ်းအင်များ
၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၅ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၁၉)
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၄၉)**
၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း "လှပသောနေ့သစ်များ" (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)**
၂၃။ အစီအစဉ်ပြီး၏။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကမ္ဘာပေါ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ အများအပြား မြေငလျင်နှင့် ဆက်နွှယ်နေသော ဓာတ်ရောင်ခြည်အန္တရာယ် ဖြစ်ပေါ်စေနိုင်

လန်ဒန် ဧပြီ ၅

ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ အများအပြားသည် မြေငလျင်လှုပ်ခြင်း သို့မဟုတ် ဆူနာမိရေလှိုင်းရိုက်ခတ်ခြင်းကြောင့် ဓာတ်ရောင်ခြည် ကပ်ဘေးဆိုက်ရောက်မှု ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသီများက ဧပြီ ၄ ရက်တွင် သတိပေးလိုက်ကြသည်။

ဂျပန်၊ တရုတ်တိုင်ပေ၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့ရှိ လည်ပတ်နေသော လျှပ်စစ်ဓာတ်အားစက်ရုံ ၇၆ ရုံသည် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ တည်ရှိပြီး ဆူနာမိရေလှိုင်းဒဏ်ကြောင့် ဓာတ်ရောင်ခြည် ကပ်ဘေးဆိုက်ရောက်နိုင်သော ဘေးအန္တရာယ်ရှိကြောင်း ဗြိတိန်နိုင်ငံရှိ မေပယ်လ်ခရော့ဖ်အမည်ရှိ သုတေသနအဖွဲ့အစည်း၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း၌ နျူကလီးယားဓာတ်အားပေးစက်ရုံ ၄၄၂ ရုံရှိသည့်အနက် စက်ရုံ ၁၀ ရုံလျှင် တစ်ရုံမှာ မြေငလျင်လှုပ်မှုနှင့် ဆက်နွှယ်နေသော နျူကလီးယားဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် နျူကလီးယားဘေးအန္တရာယ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် တိုင်အောင် မြေငလျင်ဒဏ်ကြောင့် ဓာတ်ရောင်ခြည်ဖြာထွက်မှုဘေးအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် ခက်ခက်ခဲခဲ ဆောင်ရွက်နေရကြောင်း၊ အခြားနိုင်ငံများရှိ နျူကလီးယားစက်ရုံ အများအပြားသည် ဂျပန်နိုင်ငံနှင့် နှိုင်းယှဉ်လျှင် နည်းပညာအရပိုမိုနိမ့်ကျစွာဖြင့် လုပ်ကိုင်နေကြကြောင်း လန်ဒန်မြို့ရှိ အင်ပီယီရယ်လ်ကောလိပ်မှ ရူပဗေဒပါမောက္ခ ကိတ်ဘန်ဟန်းက ပြောကြားသည်။

အင်တာနက်။

အာမေးနီးယားနိုင်ငံရှိ မက်ဆာမိုး နျူကလီးယား ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသက် ၉၂ နှစ်အရွယ် အဘွားအို လူသတ်မှုဖြင့် တရားရင်ဆိုင်နေရ

ဆစ်ဒနီ ဧပြီ ၅

ဩစတြေးလျနိုင်ငံသူ အသက် ၉၂ နှစ်အရွယ် အဘွားအိုတစ်ဦးသည် လူသတ်မှုကျူးလွန်ခဲ့သည်ဟူသော စွဲချက်ဖြင့် တရားရင်ဆိုင်နေရသည်ဖြစ်ရာ ဩစတြေးလျနိုင်ငံ၏ အသက်အကြီးဆုံး လူသတ်တရားခံဟု ယူဆရသူဖြစ်လာကြောင်း ဧပြီ ၂ရက် သတင်းများတွင် ဖော်ပြထားသည်။

ကလဲရာတန်အမည်ရှိ ယင်းအဘွားအိုသည် လွန်ခဲ့သည့်နှစ် မတ်လက အိမ်ထောင်သက် နှစ် ၇၀ လက်တွဲခဲ့သော ၎င်း၏ အသက် ၉၈ နှစ်အရွယ် ခင်ပွန်းသည်ကို တင်းပုတ်ဖြင့် ထုနှက်၍လည်းကောင်း၊ ဓားဖြင့် ထိုး၍လည်းကောင်း သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။

ကျူးလွန်မိခဲ့

မိမိသည် စိတ်ဝေဒနာကြောင့် ယင်းပြစ်မှုကို ကျူးလွန်မိခဲ့ခြင်းဖြစ်ရာ အပြစ်မရှိကြောင်း အဘွားအို ကလဲရာက လျှောက်လဲခဲ့သည်ဟု ဆန်းဟာရယ်လ်သတင်းစာတွင် ဖော်ပြသည်။

အခင်းဖြစ်ပွားချိန် အဖမ်းခံရစဉ်က ကလဲရာတန်သည် သွေးအလူးလူးဖြစ်နေပြီး ၎င်း၏ ခင်ပွန်းသည် ဓားဖြင့် နှစ်ချက်အထိုးခံထားရပြီး ဦးခေါင်း၌ တင်းပုတ်ဖြင့် ထုနှက်ခံရမှုကြောင့် သေဆုံးနေကြောင်း သတင်းစာက ဖော်ပြသည်။

အမှုကျူးလွန်ပုံ အတိုင်းအတာနှင့် အများပြည်သူအား ကာကွယ်ရေးတို့ကို ထောက်ရှု၍ ဩစတြေးလျအာဏာပိုင်များသည် ကလဲရာတန်အား ကနဦးက အာမခံပေးခြင်းမရှိပေ။ နောက်ပိုင်းတွင် ဩစတြေးလျရဲတပ်ဖွဲ့က သဘောထားပျော့ပျောင်းလာပြီး ၎င်းကို ဘိုးဘွားရိပ်သာတစ်ခု၌ အစောင့်အကြပ်ဖြင့် နေခွင့်ပြုခဲ့သည်။

ကလဲရာတန်နှင့် ၎င်း၏ ခင်ပွန်းတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ပြောင်းရွှေ့လာကြသူများဖြစ်သည်။ **အင်တာနက်။**

၂၀၁၂ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတအိုဘားမား ထပ်မံယှဉ်ပြိုင်မည်

ဝါရှင်တန် ဧပြီ ၅

၂၀၁၂ ခုနှစ်အတွင်းကျင်းပမည့် အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း လက်ရှိအမေရိကန်သမ္မတဘာရက်အိုဘားမားက ဧပြီ ၄ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် လာမည့် ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲ၌ ၎င်းအနေဖြင့် အခြေအနေကောင်းများ ရရှိမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက မျှော်လင့်ထားသည်။

၂၀၁၂ သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်မည့်အကြောင်း ထုတ်ပြန်ချက်ကို အမေရိကန်သမ္မတအိုဘားမားက ၎င်းအား ထောက်ခံသူများထံသို့ အီလက်ထရွန်နစ်စာများနှင့် ဗီဒီယိုရိုက်ကူးမှုမှတစ်ဆင့် ပေးပို့ခဲ့သည်။

အမေရိကန်သမ္မတဘာရက်အိုဘားမား၏ ထုတ်ပြန်ချက်သည် ရွေးကောက်ပွဲကာလ မဲဆွယ်လှုပ်ရှားမှုများပြုလုပ်ရာတွင် အသုံးစရိတ်ကို အမေရိကန်ဒေါ်လာတစ်ဘီလီယံ တိုးမြှင့်နိုင်ရန် အလှူရှင်များကို အသိပေးသည့်သဘောဟု ဆိုနိုင်သည်။

၂၀၀၈ ခုနှစ် ရွေးကောက်ပွဲကာလတွင် သမ္မတအိုဘားမားသည် ရွေးကောက်ပွဲအသုံးစရိတ် အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၅၀ သုံးစွဲခဲ့ရာ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် အသုံးပြုမည့် အသုံးစရိတ်ပမာဏသည် ၂၀၀၈ခုနှစ် အသုံးစရိတ်ကို ကျော်ဖြတ်သွားမည်ဖြစ်သည်။

လက်ရှိအစိုးရ၏ဦးစားပေးမူဝါဒများကို ဆက်လက်ထိန်းသိမ်းကြရန် အမေရိကန်သမ္မတ အိုဘားမားက ၎င်းကိုထောက်ခံသူများအား တယ်လီဖုန်းဖြင့် တိုက်တွန်းပြောကြားခဲ့ပြီး စွမ်းအင်ကဏ္ဍနှင့် လာမည့်နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးဥပဒေပြင်ဆင် ပြောင်းလဲမှုပြုလုပ်ရေးစသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း အိုဘားမားက ကတိကဝတ်ပြုခဲ့သည်။

သမ္မတ ဘာရက်အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးအာဖရိကတိုက်နွယ်ဖွား သမ္မတအဖြစ် ၂၀၀၉ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

သက်တမ်း ၂၀၀၀ ကျော်ရှိ ရှေးဟောင်းအဆောက်အအုံများ နီပေါနိုင်ငံအရှေ့ပိုင်း၌ တူးဖော်တွေ့ရှိ

ခတ္တမန္ဒူ ဧပြီ ၅

နီပေါနိုင်ငံအရှေ့ပိုင်း ဂျာဖာခရိုင်ရှိ ရှေးဟောင်းသမိုင်းဝင်ဒေသတွင် သက်တမ်း ၂၀၀၀ ရှိ အဆောက်အအုံ အပျက်များကို တူးဖော်တွေ့ရှိရကြောင်း ဧပြီ ၄ရက်သတင်းတွင်ဖော်ပြသည်။

အလျား ၃၆ စင်တီမီတာ၊ အမြင့် ၂၆ စင်တီမီတာနှင့် ထု ၅ စင်တီမီတာရှိ အုတ်ဖြင့်ဆောက်လုပ်ထားသော အဆောက်အအုံများ၏ တံတိုင်းနံရံအပျက်များကို တူးဖော်တွေ့ရှိရကြောင်း နေရှင်နယ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ရှေးဟောင်းအဆောက်အအုံပျက်များကို မြေအောက်တစ်မီတာအနက်၌ တူးဖော်တွေ့ရှိရသည်။ ယင်းနေရာ၌ မြေဖြင့်ပြုလုပ်ထားသော မီးအိမ်နှင့် မီးဖိုတို့ကိုလည်း ရှာဖွေတွေ့ရှိသည်။

ယင်းဒေသမှတွေ့ရှိသည့် ရှေးဟောင်းအဆောက်အအုံပျက်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ က တည်ဆောက်ခဲ့သော အဆောက်အအုံများဖြစ်သည်ဟု ယူဆရကြောင်း ရှေးဟောင်းသုတေသနဌာနက ပြောကြားသည်။

ငါးရာစုခေတ်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခဲ့မှုကြောင့် ယင်းအဆောက်အအုံများ ပြိုကျခဲ့ခြင်းဖြစ်သည်ဟု ပြင်သစ်ငလျင်လေ့လာရေးအဖွဲ့က ဖော်ပြသည်။ **ဆင်ဟွာ။**

မိုးခေါင်ရေရှားကပ်ဘေးဆိုင်ရာ နိုင်ငံတကာအကူအညီများ ဆိုမာလီတောင်းခံ

နိုင်ရိုဘီ ဧပြီ ၅

ရာသီဥတုပေါင်းများစွာ မိုးရွာသွန်းမှုမရှိခဲ့ခြင်းကြောင့် မိုးခေါင်ရေရှားဒဏ်ကို ခံစားနေရသည့် ပြည်သူများကို နိုင်ငံတကာက အကူအညီများပေးအပ်ရန် ဆိုမာလီအစိုးရက အင်္ဂါနေ့တွင် တောင်းဆိုခဲ့သည်။

နိုင်ငံတကာမှ အကူအညီများမရခဲ့ပါက မိုးခေါင်ရေရှားဒဏ်ခံနေရသော ဆိုမာလီပြည်သူများ အသေအပျောက်ပိုမိုများပြားလာနိုင်ကြောင်း ကင်ညာနိုင်ငံဆိုင်ရာ ဆိုမာလီသံအမတ်ကြီး မိုဟာမက်အလီနော်ရိက ပြောကြားခဲ့သည်။

အဆိုးရွားဆုံး လူမှုဘေးဒုက္ခ

ဆိုမာလီနိုင်ငံသည် ၁၉၉၀ခုနှစ် အစောပိုင်းကာလ နောက်ပိုင်း အဆိုးရွားဆုံးလူမှုဘေးဒုက္ခကို ရင်ဆိုင်နေရကြောင်း မိုဟာမက်အလီနော်ရိက ဆိုသည်။

၁၉၉၀ခုနှစ် အစောပိုင်းကာလများအတွင်း ဆိုမာလီနိုင်ငံသည် စားနပ်ရိက္ခာပြတ်လပ်မှုဘေးဖြင့် ရင်ဆိုင်ခဲ့ရပြီး ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများက ပါဝင်ကူညီခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

လက်ရှိကာလ၌ ဆိုမာလီနိုင်ငံတစ်ဝန်း မိုးခေါင်ရေရှားမှုဘေးဒဏ်ကိုရင်ဆိုင်နေရပြီး ယင်းနိုင်ငံ၏ ဗဟိုတောင်ပိုင်းဒေသများတွင် အဆိုးရွားဆုံးဖြစ်ပွားလျက်ရှိသည်။

ဆိုမာလီနိုင်ငံကို နေသားတကျဖြစ်ပေါ်စေရေးအတွက် ပါဝင်ကူညီရန် ဆိုမာလီဝန်ကြီးချုပ် မိုဟာမက်အဗ္ဗဒူလ်ဟီမိုဟာမက်ကလည်း ဧပြီ ၄ရက်က ကုလသမဂ္ဂအဖွဲ့အစည်းများကို တောင်းဆိုခဲ့ကြောင်း သိရသည်။ **အင်တာနက်။**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုများကြောင့် လူ ၄၉ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဧပြီ ၅

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် ဒီရာဂါဇီခန်းမြို့ရှိ လူစည်ကားသည့် ဘာသာရေးပွဲတော်၌ ဧပြီ ၃ ရက် မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲမှုသုံးကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၄၉ ဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဘာသာရေးပွဲတော် ပြုလုပ်သည့်နေရာ၌ ဒေသအသီးသီးမှလာကြသော ဘုရားဖူးရာပေါင်းများစွာ စုဝေးနေချိန်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဒီရာဂါဇီခန်းမြို့မှ ကီလိုမီတာ ၄၀ ခန့်အကွာ တောင်ထိပ်၌ ဘာသာရေးပွဲတော်ပြုလုပ်သည့် အဆောက်အအုံ၏ မျက်နှာစာတွင် ညနေ ၅ နာရီ ၄၀ မိနစ်ခန့်က ပထမဗုံးပေါက်ကွဲပြီးနောက် ယင်းနေရာ၏ အနောက်ဘက်၌ ဒုတိယဗုံးထပ်မံ ပေါက်ကွဲခဲ့သည်။

အဆိုပါဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်စဉ်၌ ၁၂ ဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရရှိသည်ဟုဆိုသည်။ယင်းသို့ ဗုံးနှစ်ကြိမ်ပေါက်ကွဲပြီး တစ်နာရီခန့်အကြာ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ဒဏ်ရာရရှိသူများကို ကူညီဆောင်ရွက်နေသော လူများနှင့် ရှုပ်ထွေးနေစဉ် တတိယ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဆာခီဆာဗာဟုခေါ်သော ဘာသာရေးပွဲတော်ပြုလုပ်သည့် တောင်ထိပ်မှဒဏ်ရာရရှိသူများကို တောင်ခြေသို့ ရောက်ရှိ ရန် ကယ်ဆယ်ရေးအဖွဲ့က နှစ်နာရီ၊ သုံးနာရီခန့် ခက်ခက်ခဲခဲ သယ်ယူခဲ့ရသည်။ ယင်းဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ ပါကစ္စတန်တာလီဘန်များက ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဧပြီ ၃ရက်က ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း ပန်ဂျပ်ပြည်နယ် ဒီရာဂါဇီခန်းမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ လက်လုပ် ချိန်ကိုက်ဗုံးတစ်လုံးကို အချိန်မီ ဖယ်ရှားရှင်းလင်းနိုင်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

နေပြည်တော် ဧပြီ ၅

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း ကားမှတ်တိုင်တစ်ခုအနီးရှိ ရေတမာပင် အုတ်ခုံပေါ်မှ လက်လုပ်ဗုံးတစ်လုံးကို ဧပြီ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အချိန်မီ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ထိုနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဆူးလေဘုရားလမ်း ဇင်ယော်ကားမှတ်တိုင်အနီးရှိ ရေတမာပင် အုတ်ခုံပေါ်၌ နှင်းဆီပန်းအပွင့် ၂၀ ခန့်ကို တင်လျက် အောက်တွင် ဇစ်ပိုမီးခြစ် ဓာတ်ငွေ့ရည်ပြည့်ဘူး နှစ်ဘူး၊ သုတ်ဆေးအနီရောင်ဆေးဘူး နှစ်ဘူးတို့အား စုပုံထားသည့်နေရာမှ ဂက်စ်မီးခြစ်ပေါက်သံကဲ့သို့



ထိုင်း SIM Card သုံး နိုကီရာဖုန်းအဟောင်းတစ်လုံးကို တွေ့ရစဉ်။

အသံနှင့်အတူ မီးလောင်ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ အဆင့်ဆင့် သတင်းပို့ချက်အရ တာဝန်ရှိသူများ ရောက်ရှိပြီး ထပ်ဆင့်ဖောက်ခွဲရန် တပ်ဆင်ထားသည့် လက်လုပ်ချိန်ကိုက်ဗုံးတစ်လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲသည့်နေရာအား တာဝန်ရှိသူများစစ်ဆေးရာ အဆိုပါ ချိန်ကိုက်ဗုံးကိုပထမအဆင့်အနေဖြင့် ချိန်ကိုက်အသံမိုင်းအဖြစ် ဖောက်ခွဲခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် အဝေးမှ တယ်လီဖုန်းခေါ်ဆိုမှုကြောင့် Vibration ဖြစ်ကာ ထပ်ဆင့်ဖောက်ခွဲရန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးသမားများသည် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို လူအများ နေ့စဉ်သုံးပစ္စည်းများနှင့်ရော၍ အသုံးပြုထားခြင်း၊ အသံဗုံးကြောင့် ရောက်ရှိလာသည့် တာဝန်ရှိသူများ၊ ပြည်သူများ ဝိုင်းအုံကြည့်ရှုစဉ် ထပ်မံဖောက်ခွဲရန် ကြံစည်ထားခြင်းဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ချိန်ကိုက်ဗုံးနှင့် ပတ်သက်၍ ဗဟုသုတအဖြစ်သိရှိပြီး သတိထားရှောင်ရှားကြရန်လိုကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားခဲ့သည်။

တာဝန်ရှိသူများက အချိန်မီ ဖယ်ရှားရှင်းလင်းခဲ့သည့် ချိန်ကိုက်ဗုံး ဆက်စပ်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည် -



နိုကီရာဖုန်းအတွင်းရှိ Vibration Motor သို့ ဝါယာကြိုးဖြင့် ဆက်သွယ်ထားသည်ကို တွေ့ရစဉ်။



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

(က) ထိုင်း SIM Card နှင့် နိုကီရာဖုန်းအဟောင်း တစ်လုံး၊
(ခ) UPG တံဆိပ်ပါ ဒသမ ၂၅ ဂါလန်ဝင် သုတ်ဆေး အနီရောင်ဆေးဘူး နှစ်ဘူး၊
(ဂ) အဖြူရောင် C4 ယမ်းပြင်း ဒသမ ၂၅ ပေါင်၊
(ဃ) အဖုံးမပါ အပြာနုရောင် ပလတ်စတစ်ကွန်ပါဘူး တစ်ဘူး၊
(င) ဝါယာကြိုးတပ်လျက် လစ်သီယမ် ဘက်ထရီ တစ်လုံး၊
(စ) ဝါယာကြိုးနှစ်ချောင်းပါ လျှပ်စစ်ဒီတိုနေတာ တစ်ခု၊
(ဆ) 10 Amp ရှိ ဖြူ့စ် တစ်ခု၊

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု တုန်လှုပ်ချောက်ချားစေရန်ရည်ရွယ်၍ ဖောက်ခွဲမှုများပြုလုပ်ရေး အမြဲမပြတ်ကြံစည်ကြိုးပမ်းလျက်ရှိရာ အများပြည်သူတို့အနေဖြင့် အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဝါယာကြိုးနှစ်ချောင်းပါ လျှပ်စစ်ဒီတိုနေတာ တစ်ခုကို တွေ့ရစဉ်။

လေးနှစ်အာမခံပေးထားသော လေအေးပေးစက်များ ဖြန့်ဖြူး

ရန်ကုန် ဧပြီ ၅

ရာသီဥတု ပူအိုက်မှုဒဏ်ကြောင့် လုပ်ငန်းများအပေါ် စိတ်ဝင်စားမှု နည်းသည့် ခံစားရမှုများမှ ကင်းဝေး၍ သာယာရွှင်လန်း အေးချမ်းပေ့ါပါးသော ကိုယ်စိတ်တို့ဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို AUX လေအေးပေးစက်များက အထောက်အကူပြုလျက်ရှိကြောင်း၊ အဆိုပါ လေအေးပေးစက်များကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon Expo 2011 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့ပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air- Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်းစသည့် အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း၊ အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို 5% Discount ပေးလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ် လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်း ကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သည့် United Aisa Co., Ltd. အမှတ် (၂၂၅) အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၀၈၃၄၊ ၂၁၈၀၂၂နှင့် (Fax:) ၀၀၉၅-၁-၂၂၈၃၈၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသည့် ကျေးလက်လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

❍ ဆူနာမီမှ

ဆူနာမီရေလှိုင်းဘေးအန္တရာယ်ကို အဆိုးရွားဆုံး တွေ့ကြုံလာရနိုင်သော ဒေသဖြစ်ကြောင်း တူရကီနိုင်ငံ အန်ကာရာ တက္ကသိုလ်မှ ဘူမိရူပပညာရှင် အာမက် ယာဆင်နာက ပြောကြားသည်။

တူရကီနိုင်ငံရှိ ဖာသီယီမြို့သည် ဟယ်လင်းနစ် မြေငလျင်ရပ်ဝန်း၏ ပြတ်ရွေ့ဇုန်အနီး တည်ရှိကြောင်း၊ ဟယ်လင်းနစ် မြေငလျင်ရပ်ဝန်းသည် အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းအနီးရှိ ဆန်ဒါမြေငလျင်ရပ်ဝန်းနှင့် အလားသဏ္ဍာန်တူညီကြောင်း၊ ဆူနာမီရေလှိုင်းဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့ပိုမိုသိရှိနားလည်ရန် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ယာဆင်နာက ပြောကြားသည်။

ဥရောပတိုက်တစ်ဝန်းရှိ ဆူနာမီရေလှိုင်း သုတေသနအဖွဲ့ ၃၀ က ဒေသဆိုင်ရာပြည်သူများအား ဆူနာမီရေလှိုင်းဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် မဟာဗျူဟာများ ရေးဆွဲချမှတ်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ။

နွေရာသီ ဟော်ကီသင်တန်းသားများ ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၁ ခုနှစ် နွေရာသီ အခြေခံဟော်ကီသင်တန်းမှ သင်တန်းသားများ ပါဝင်ယှဉ်ပြိုင်သည့် နွေရာသီ သင်တန်းသားများ ဟော်ကီပြိုင်ပွဲကို မတ် ၄ ရက် နံနက် ၇ နာရီက မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ မင်္ဂလာတောင်ညွန့်လူငယ်အသင်း၊ သာကေတမြို့နယ်အသင်း၊ မြောက်ဥက္ကလာပမြို့နယ်အသင်း၊ အထက(၁) အင်းတိုင်အသင်း စုစုပေါင်းလေးသင်း ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မင်္ဂလာတောင်ညွန့် လူငယ်အသင်းက ပထမဆုနှင့် အထက (၁) အင်းတိုင်အသင်း က ဒုတိယဆုရရှိကြပြီး ပထမဆုရရှိသည့် မင်္ဂလာတောင်ညွန့်လူငယ်အသင်းအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းက လည်းကောင်း၊ ဒုတိယဆု ရရှိသည့် အထက (၁) အင်းတိုင်အသင်းအား ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(၁၉)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းနှင့် နွေရာသီ အခြေခံ ဟော်ကီသင်တန်းမှ သင်တန်းသားများကို တွေ့ရစဉ်။ (၁၉)



ငွေဆောင်အလှ သဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)က ကြီးမှူး၍ "ငွေဆောင်အလှသဘာဝ" ခေါင်းစဉ်ဖြင့် တတိယအကြိမ် ငွေဆောင်ကမ်းခြေဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ကူညီမှုဖြင့် ကျင်းပခဲ့ရာ ပထမဆုကို ထွန်းထွန်းဝင်းက လည်းကောင်း၊ ဒုတိယဆုကို ကျော်ဇင်အောင်က လည်းကောင်း၊ တတိယဆုကို အောင်ဌေးလင်းက လည်းကောင်း ရရှိကြပြီး နှစ်သိမ့်ဆု ၁၃ ဆုကိုလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဓာတ်ပုံ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ CENTRAL HOTEL ၌ ကျင်းပမည်ဖြစ်ပြီး ဆုရဓာတ်ပုံများနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှု အခြေအနေ

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

၂၁ ရာစု၏ ပထမဆယ်စုနှစ်တွင် ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ သိသာထင်ရှားစွာ များပြားလာခဲ့ပြီး ပထမဆယ်စုနှစ်၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၀ ခုနှစ်သည် ဒေသအများအပြား၌ အပူချိန်အမြင့်ဆုံးနှစ်အဖြစ် စံချိန်တင် သတ်မှတ်ခဲ့ရပါသည်။ ဟေတီ၊ ချီလီနှင့် တရုတ်နိုင်ငံများ၌ ငလျင်လှုပ်မှုများ၊ ပါကစ္စတန်နှင့် ဥရောပ၌ ရေကြီးမှုများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှား၌ တောမီးလောင်မှုများ၊ အာရှ၌ ဆိုင်ကလုန်းမုန်တိုင်းများနှင့် အပူပိုင်းမုန်တိုင်းများ တိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့လူဦးရေ သန်း ၂၀၀ ခန့် ဘေးဒုက္ခရောက်ခဲ့ကြကာ လူပေါင်း ၂၅၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် ဆုံးရှုံးခဲ့ပါသည်။

ယခု ၂၀၁၁ ခုနှစ်၏ နှစ်ဦးပိုင်းကာလကိုလည်း ဩစတြေးလျ၊ တရုတ်၊ ဘရာဇီး၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ ဂျာမနီ၊ ဖိလစ်ပိုင်နှင့် ဆော်ဒီအာရေဗီးယား နိုင်ငံများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ အမေရိကန်ပြည်ထောင်စု၌ အအေးလွန်ကဲခြင်း၊ နှင်းမုန်တိုင်းများတိုက်ခတ်ခြင်း၊ တရုတ်နိုင်ငံ၌ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခြင်း၊ အိန္ဒိယ၌ အအေးလှိုင်းကျရောက်ခြင်း၊ ဩစတြေးလျတွင် ၁၇၅ မိုင်နှုန်းရှိသော အလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခိုက်ခြင်း စသည့် ရာသီဥတုဖောက်ပြန်မှုများက ဆီးကြိုခဲ့ပါသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာရခြင်း၏ အဓိကအကြောင်းရင်းသည်လည်း ကမ္ဘာလေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ (CO_2)အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏ ပိုမိုများပြားလာခြင်းကြောင့်ဖြစ်သည်ကို စာရှုသူများ သိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့်ပင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရန်အတွက် မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီး တစ်ရပ် ဖြစ်နေပါသည်။

ဤသို့လျှော့ချရေးတွင် မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases-GHGs) ၏ ထုတ်လွှတ်မှုအခြေအနေနှင့် ယင်းတို့၏ပမာဏကို သိရှိနိုင်ရန်အတွက် ကမ္ဘာနိုင်ငံအသီးသီးက ၎င်းတို့၏နိုင်ငံများ၌ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်သည့် အရင်းအမြစ်များမှ GHGs ထုတ်လွှတ်မှုပမာဏများနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖယ်ရှားပေးသည့် အရင်းအမြစ်များမှ ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားပေးနိုင်မှုပမာဏများကို သိရှိနိုင်ရန် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှစတင်၍ စာရင်းကောက်ယူခဲ့ကြပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှု အခြေအနေ

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ကရှိခဲ့သည့် GHGs ထုတ်လွှတ်မှုများနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုအခြေအနေများကို ထပ်မံ၍ စာရင်းကောက်ယူခဲ့ပါသည်။ INC Project မှ "အမျိုးသားမှန်လုံအိမ်ဓာတ်ငွေ့စာရင်း ကောက်ယူရေးအဖွဲ့" ၏ ပဏာမအစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များကိုလေ့လာနိုင်ရန်အလို့ငှာ ဇယားတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သော မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖယ်ရှားမှုအခြေအနေ

ထုတ်လွှတ်သည့်နေရာ/ စုပ်ယူသည့်နေရာ	CO_2			CO	CH_4	N_2O	NO_x	ODS	SF_6	CO_2e	အသားတင် CO_2e
	ထုတ်လွှတ်မှု	ဖယ်ရှားမှု	အသားတင် ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှု	ထုတ်လွှတ်မှုပေါင်း	ထုတ်လွှတ်မှုပေါင်း
(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)
စွမ်းအင်ကဏ္ဍ	၇၆၅၈. ၆၅	-	၇၆၅၈. ၆၅	-	၅. ၆၂	၀. ၂၈	-	၀. ၁၁	၀. ၀၀၃	၇၈၆၃. ၄၇	၇၈၆၃. ၄၇
ထင်းလောင်စာ သုံးစွဲမှု	(၂၇၈၃၃. ၀၉)	-	(၂၇၈၃၃. ၀၉)	-	(၇. ၄၅၅၃)	(၀. ၉၉၁၄)	-	-	-	(၂၈၂၉၇. ၈၂)	(၂၈၂၉၇. ၈၂)
စက်မှုကဏ္ဍ	၂၄၈. ၅၉	-	၂၄၈. ၅၉	-	-	-	-	-	-	၄၆၃. ၂၉	၄၆၃. ၂၉*
စိုက်ပျိုးရေးကဏ္ဍ	-	-	-	၀. ၈၁	၉၆၃. ၅၈	၈. ၂၇၀၆	၀. ၀၂၂	-	-	၂၂၈၄၃. ၈၅	၂၂၈၄၃. ၈၅
က. စိုက်ပျိုးရေး	-	-	-	၀. ၈၁	၅၀၇. ၂၃	၈. ၂၇၀၆	၀. ၀၂၂	-	-	၁၃၂၁၇. ၁၁	-
ခ. မွေးမြူရေး	-	-	-	-	၄၅၆. ၃၅	-	-	-	-	၉၅၈၃. ၃၅	-
သစ်တောကဏ္ဍ	၃၃၆၅၆. ၅၁	၁၄၂၂၂၁. ၁၉	(-)၁၀၈၅၆၄. ၆၈	၂၂၁၅. ၃၇	၁၄၄. ၈၅	၄. ၂၆	၃၄. ၀၈	-	-	၄၀၄၀၄. ၇၃	(-)၁၀၁၈၁၆. ၄၆
အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ	-	-	-	-	၁၃၄. ၅၇	-	-	-	-	၂၈၂၅. ၉၇	၂၈၂၅. ၉၇
စုစုပေါင်း	၄၁၅၆၃. ၇၅	၁၄၂၂၂၁. ၁၉	(-)၁၀၀၆၅၇. ၄၄	၂၂၁၆. ၁၈	၁၂၄၈. ၆၂	၁၂. ၈၁၀၆	၃၄. ၁၀၂	၀. ၁၁	၀. ၀၀၃	၇၄၄၀၀. ၇၁	(-)၆၇၈၂၀. ၄၈

မှတ်ချက်။ GWPs သတ်မှတ်ချက်အရ - $CO = CO_2 \times 1$, $CH_4 = CO_2 \times 21$, $N_2O = CO_2 \times 310$, $NO_x = CO_2 \times 5$, $ODS = CO_2 \times 1300$ နှင့် $SF_6 = CO_2 \times 23900$ ဖြင့် တွက်ချက်ထားပါသည်။ နေ့စဉ် ထမင်းဟင်းချက်ပြုတ်ရာတွင် အသုံးပြုသည့် ထင်းလောင်စာများမှ ထွက်ရှိသော GHGs များကို သိရှိနိုင်ရန်အတွက်သာ ဖော်ပြခြင်းဖြစ်ပါသည်။ 2006 IPCC Guidelines အရ ထုတ်လွှတ်မှုစုစုပေါင်းတွင် ထည့်သွင်းဖော်ပြရန်မလိုပါ။

ဤဇယားအရ စွမ်းအင်ကဏ္ဍမှ စက်တပ်ယာဉ်ယန္တရားအမျိုးမျိုးနှင့် အလုပ်ရုံ၊ စက်ရုံများအတွက် သုံးစွဲသည့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စသည့် ရုပ်ကြွင်းလောင်စာများမှ ထုတ်လွှတ်သည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏ စုစုပေါင်းပမာဏသည် ၇၈၆၃ ဒသမ ၄၇ Gg CO_2e ရှိပါသည်။

(Gigagram,1Gg=10^9g or 1000 metricton၊ CO_2e-CO_2 equivalent-ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ညီမျှသည်။ မှန်လုံအိမ်ဓာတ်ငွေ့များ၏ အပူလှိုင်းများကို ဖမ်းယူနိုင်မှု၊ တစ်နည်းအားဖြင့် အပူအားပေးမှုအတိုင်းအတာကို Global Warming Potentials-GWPs၊ ကမ္ဘာကြီးပူနွေးစေမှု စွမ်းအားဖြင့် သတ်မှတ်ပြီး CO_2 ကို စံထားပါသည်။ CO_2 equivalent ကို တွက်ချက်ရာတွင် GWPs ၏ သတ်မှတ်ချက်အရ မီသိန်းသည် CO_2 ၏ ၂၁ ဆ၊ နိုက်ထရပ်စ်အောက်ဆိုက် (N_2O)သည် CO_2၏ အဆ ၃၁၀ ရှိပါသည်။

ဤကဏ္ဍမှ ၁၉၉၀ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏသည် ၆၀၈၆ ဒသမ ၁၄ Gg ရှိခဲ့သဖြင့် ၂၉ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာသည်နှင့်အမျှ အလုပ်ရုံ၊ စက်ရုံများ၊ မော်တော်ယာဉ်များ၊ ယာဉ်ယန္တရားကြီးများ၊ မီးရထားများ သိသာစွာ များပြားလာသဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှု တိုးတက်မြင့်မားလာခြင်းကြောင့် ဖြစ်သည်။ နေ့စဉ် ထမင်းဟင်းချက်ပြုတ်ခြင်းနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများတွင် အဓိကသုံးစွဲသည့် ထင်းလောင်စာသုံးစွဲခြင်းမှ CO_2e ပမာဏပေါင်း ၂၈၂၉၇ ဒသမ ၈၂ Gg ထုတ်လွှတ်ပါသည်။

စက်မှုကဏ္ဍတွင် ဘိလပ်မြေ၊ ယူရီးယားဓာတ်မြေဩဇာ၊ သံ၊ သံမဏိနှင့် သတ္တုအမျိုးမျိုး၊ မှန်၊ ထုံး စသည်များ ထုတ်လုပ်ခြင်းနှင့် စားသောက်ကုန်များ၊ လေအေးစက်၊ ရေခဲသေတ္တာနှင့် လျှပ်စစ်ပစ္စည်း စသည်များ အသုံးပြုခြင်းမှ ဓာတ်ငွေ့များထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် CO_2e ၄၆၃ ဒသမ ၂၉ Gg ရှိခဲ့ပါသည်။ ၁၉၉၀ ခုနှစ်က ဤကဏ္ဍမှ ၁၈၀ ဒသမ ၄၄ Gg သာရှိခဲ့ပါသည်။ (ထိုအချိန်က ဘိလပ်မြေစက်ရုံ အနည်းငယ်သာရှိခဲ့ပြီး ၎င်းစက်ရုံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တစ်ခုတည်းကိုသာ တွက်ချက်ခဲ့ခြင်းဖြစ်ပါသည်။) ထို့ကြောင့် စက်မှုကဏ္ဍမှလည်း GHGs ထုတ်လွှတ်မှု ၁၅၆ ဒသမ ၈ ရာခိုင်နှုန်းတိုင် မြင့်တက်ခဲ့ပါသည်။ နိုင်ငံတော်၏ စက်မှုထုတ်ကုန်များ သိသာစွာ တိုးတက်မြင့်မားလာခြင်းကြောင့် ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပါဝင်ပါသည်။ စိုက်ပျိုးရေးမှ ၂၀၀၀ ပြည့်နှစ်က CO_2e စုစုပေါင်း ပမာဏ ၁၃၂၁၇ ဒသမ ၇၅ Gg ထုတ်လွှတ်ခဲ့ရာ ရေမြုပ်စပါးခင်းများမှ ထုတ်လွှတ်သည့် မီသိန်းဓာတ်ငွေ့သည် အဓိကကျပါသည်။ ရေမြုပ်စပါးခင်းများမှ မီသိန်းပမာဏ ၅၀၇ ဒသမ ၂၃ Gg ထုတ်လွှတ်ခဲ့ရာ ၎င်းသည် CO_2 ၁၀၆၅၁ ဒသမ ၈ Gg နှင့် ညီမျှသဖြင့် စိုက်ပျိုးရေးမှ ထုတ်လွှတ်သော CO_2e စုစုပေါင်းပမာဏ၏ ၈၀ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိပါသည်။ ထို့ပြင် လယ်ယာမြေများတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ(နွားချေးအများဆုံး) များသုံးစွဲခြင်း၊ ကျွဲ၊ နွားများအား လယ်ယာမြေများ၌ လွှတ်ကျောင်းထားရာမှ ယင်းတို့က စွန့်ပစ်သော မစင်နှင့် ကျင်ငယ်များ၊ လယ်ယာမြေများ ရိတ်သိမ်းပြီးနောက် ရိုးပြတ်များအား မီးရှို့ခြင်းမှ ထုတ်လွှတ်သည့် ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရပ်စ်အောက်ဆိုက်၊ နိုက်ထရိုက်အောက်ဆိုက်ဓာတ်ငွေ့များ (NO_x)၏ ထုတ်လွှတ်မှုပမာဏပေါင်းသည် ၂၅၄၂ ဒသမ ၉၅ Gg CO_2e ရှိပါသည်။

စာရေးသူတို့နိုင်ငံအတွက် ပိုမိုမှန်ကန်သည့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိန်းကို သိရှိနိုင်ရန်အတွက် စပါးခင်းအမျိုးမျိုး၌ မီသိန်းထုတ်လွှတ်မှုပမာဏများကို လက်တွေ့စမ်းသပ်တိုင်းတာလျက်ရှိပါသည်။ နောင်တွင် ယခု သုတေသနပြုချက်မှရရှိမည့် မီသိန်းထုတ်လွှတ်မှုကိန်းများကို အသုံးချနိုင်မည်ဖြစ်ပါသည်။

မွေးမြူရေးမှ ၂၀၀၀ ပြည့်နှစ်တွင် CO_2e ပမာဏစုစုပေါင်း ၉၆၄၈ ဒသမ ၅၀ Gg ထုတ်လွှတ်ခဲ့သည့်အနက် မွေးမြူရေးတိရစ္ဆာန်များမှ ထုတ်လွှတ်သည့် မီသိန်းဓာတ်ငွေ့သည် အဓိကကျပါသည်။ မြန်မာနိုင်ငံ၌ ၂၀၀၀-၂၀၀၁ ခုနှစ်က နွားကောင်ရေပေါင်း ၁၀ ဒသမ ၉၈ သန်း၊ ကျွဲ ၂ ဒသမ ၄ သန်း၊ သိုးနှင့်ဆိတ် ၁ ဒသမ ၈ သန်း၊ ဝက် ၃ ဒသမ ၉၇ သန်းနှင့် ကြက် ၄၇ ဒသမ ၇၅ သန်းရှိခဲ့ရာ စားမြုံ့ပြန်တတ်သော မွေးမြူရေးတိရစ္ဆာန်များဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များ၏ အစာချေဖျက်ခြင်းမှ ထုတ်လွှတ်လိုက်သည့် မီသိန်းပမာဏပေါင်းသည် ၄၀၄ ဒသမ ၄၃ Gg ရှိခဲ့ရာ CO_2e ပမာဏပေါင်း ၈၄၉၃ ဒသမ ၀၃ Gg နှင့် ညီမျှပါသည်။

ထို့ပြင် မွေးမြူရေးတိရစ္ဆာန်များ၏ မစင်များကို မြေဩဇာအဖြစ် အသုံးပြုရာမှ ထွက်ရှိလာသည့် မီသိန်းပမာဏပေါင်းသည် ၅၂ ဒသမ ၀၇ Gg ရှိခဲ့ရာ CO_2e ပမာဏပေါင်း ၁၀၉၃ ဒသမ ၄၇ Gg နှင့် ညီမျှပြီး ယင်းမစင်များကို စုပုံထားရာမှ ထွက်ရှိသော နိုက်ထရပ်စ်အောက်ဆိုက်ပမာဏသည် သုည ဒသမ ၂ Gg ရှိခဲ့ရာ CO_2e ၆၂ ဒသမ ၀ Gg နှင့် ညီမျှပါသည်။

သစ်တောကဏ္ဍ

သစ်တောကဏ္ဍတွင် သစ်တောစိုက်ခင်းများတည်ထောင်ရန်အတွက် မြေပြုပြင်ရာတွင် တောကျန်ငုတ်တက်များ၊ အပင်များမီးရှို့ခြင်း(သစ်တောဝေါဟာရအရ-ကျွန်းခွေခြင်း)၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရန်အတွက် တောမီးရှို့ခြင်းနှင့် သစ်တောများ ပြုန်းတီးခြင်းမှ ကာဗွန်မိုနောဆိုက်(CO)၊ CO_2၊ CH_4၊ N_2O နှင့် NO_x များထုတ်လွှတ်ခဲ့ရာ ၎င်းဓာတ်ငွေ့များ၏ ထုတ်လွှတ်မှုပမာဏစုစုပေါင်းသည် CO_2e ၄၀၄၀၄ ဒသမ ၇၃ Gg ရှိပါသည်။ ၎င်းတို့အနက် သစ်တောများပြုန်းတီးခြင်းမှ ၉၂ ဒသမ ၄ ရာခိုင်နှုန်း၊ သစ်တောစိုက်ခင်းများတည်ထောင်ရန် မြေပြုပြင်ခြင်းများမှ ၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ရွှေ့ပြောင်းတောင်ယာများမှ ၃ ရာခိုင်နှုန်း အသီးသီးရှိပါသည်။

အခြားကဏ္ဍများနှင့်မတူဘဲ သစ်တောကဏ္ဍ၏ထူးခြားချက်မှာ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဖယ်ရှားပေးနိုင်ခြင်း (Removal of CO_2)၊ တစ်နည်းအားဖြင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ကရှိခဲ့သော သဘာဝသစ်တောကြီးများ၊ သစ်တောစိုက်ခင်းများနှင့် သစ်ပင်များမှ ဖယ်ရှားပေးခဲ့သော CO_2ပမာဏပေါင်းမှာ ၁၄၂၂၂၁ ဒသမ ၁၉ Gg ရှိပါသည်။ ယင်းပမာဏတွင် သဘာဝသစ်တောကြီးများမှ ၁၂၉၈၃၈ ဒသမ ၅၉ Gg၊ သစ်တောစိုက်ခင်းများမှ ၁၁၇၅၀ ဒသမ ၀၄ Gg၊ အိမ်ခြံဥယျာဉ်များရှိ သစ်ပင်များမှ ၄၇၀ ဒသမ ၀၇ Ggနှင့် ကားလမ်းဘေးဝဲ၊ ယာရှိ သစ်ပင်များမှ ၁၆၂ ဒသမ ၄၉ Gg အသီးသီးပါဝင်ပါသည်။

သစ်တောကဏ္ဍတစ်ခုလုံး၏ အသားတင်ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏသည်(-)၁၀၁၈၁၆ ဒသမ ၄၆ Gg ရှိပါသည်။ တစ်နည်းအားဖြင့် အသားတင် CO_2ဖယ်ရှားပေးနိုင်မှုစုစုပေါင်းပမာဏ ၁၀၁၈၁၆ ဒသမ ၄၆ Gg ရှိပါသည်။

အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ

မြို့နေလူထု နေ့စဉ် စွန့်ပစ်သည့်အမှိုက်နှင့်ရေဆိုးရေညစ်များ (solid waste and waste water)မှ ၂၀၀၀ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော မီသိန်းပမာဏပေါင်းသည် ၁၃၄ ဒသမ ၅၇ Gg ရှိသဖြင့် CO_2e ပမာဏပေါင်း ၂၈၂၅ ဒသမ ၉၇ Gg နှင့် ညီမျှပါသည်။ ၁၉၉၀ ပြည့်နှစ်က CO_2e ပမာဏပေါင်း ၂၆၈၆ ဒသမ ၄၃ Gg ရှိခဲ့သဖြင့် များစွာပြောင်းလဲမှုမရှိပါ။ ၁၉၉၀ ပြည့်နှစ်ကထက် ၅ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ မြင့်တက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အသားတင်မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏပေါင်း

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏ စုစုပေါင်း CO_2e ၇၄၃၅၈ ဒသမ ၀၅ Gg ရှိခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖယ်ရှားမှု စုစုပေါင်းပမာဏသည် ၁၄၂၂၂၁ ဒသမ ၁၉ Gg ရှိခဲ့ရာ အသားတင် CO_2e ထုတ်လွှတ်မှုစုစုပေါင်းပမာဏသည် (-) ၆၇၈၆၃ ဒသမ ၁၄ Gg ရှိခဲ့ပါသည်။ စွမ်းအင်ကဏ္ဍ၊ ထင်းလောင်စာများ သုံးစွဲခြင်းမှ ထုတ်လွှတ်ခဲ့သည့် CO_2e ပမာဏပေါင်း ၂၈၂၉၇ ဒသမ ၈၂ Gg ကိုပါ ထည့်သွင်းတွက်ချက်သည့်တိုင် CO_2e ထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် (-) ၃၉၅၆၅ ဒသမ ၃၂ Gg ကျန်ရှိနေပါဦးမည်။ ထို့ကြောင့် ဖယ်ရှားမှုပမာဏ စုစုပေါင်းက ထုတ်လွှတ်မှုပမာဏစုစုပေါင်းထက် များစွာကျော်လွန်လျက်ရှိနေပါသည်။ (မှတ်ချက်-၁၉၉၀ ပြည့်နှစ်က မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ အသားတင်ထုတ်လွှတ်မှုစုစုပေါင်းပမာဏသည် CO_2e ၄၁၅၀၀ ဒသမ ၂၀ Gg ရှိခဲ့ပါသည်။)

စာရေးသူတို့၏ နိုင်ငံတော်၌ သဘာဝသစ်တောကြီးများ များစွာကျန်ရှိနေသည်သာမက သဘာဝတောထိန်းလုပ်ငန်းများ၊ သဘာဝသစ်တာများအတွင်း ကွက်လပ်ဖြည့်စိုက်ခင်းများတည်ထောင်ခြင်း (Gap Planting)နှင့် တကွ နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်ရွာတစ်ဇကေ ကျေးရွာပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မသစ်တောစိုက်ခင်းများနှင့် ကားလမ်းဘေးဝဲ၊ ယာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသောကြောင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏပေါင်း မြောက်မြားစွာကို ဖယ်ရှားပေးနိုင်ခြင်း ဖြစ်ပါသည်။ ထို့မျှမက စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြင့်လာခဲ့သော်လည်း ယင်းလုပ်ငန်းများအတွက် သုံးစွဲရသည့် လျှပ်စစ်စွမ်းအင်အများစုကို သန့်ရှင်းသောပြန်ပြည့်မြဲစွမ်းအင် (Green and Renewable Energy) တစ်မျိုးဖြစ်သည့် ရေအားစွမ်းအင် (Hydro - Power)မှ ရရှိခြင်းသည်လည်း မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို သိသာစွာလျော့နည်းစေသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။

အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအခြေအနေ

၁၉၉၄ ခုနှစ်က အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့အသားတင်ထုတ်လွှတ်မှုစုစုပေါင်းပမာဏ (CO_2e မက်ထရစ်တန်သန်းပေါင်း)များမှာ တရုတ် ၃၆၄၉ ဒသမ ၈၂၇၂၊ အိန္ဒိယ ၁၄၂၉၂ ဒသမ ၀၊ အင်ဒိုနီးရှား ၄၉၈ ဒသမ ၃၊ ထိုင်း ၂၈၆ ဒသမ ၄၊ ဖိလစ်ပိုင် ၁၀၀ ဒသမ ၇၊ မလေးရှား ၇၅ ဒသမ ၆ အသီးသီးရှိပါသည်။ အာရှနိုင်ငံများအနက် မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အသားတင်ဖယ်ရှားပေးနိုင်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ CO_2e အသားတင် ဖယ်ရှားပေးနိုင်မှုပမာဏပေါင်းမှာ မက်ထရစ်တန်သန်း ၅ ဒသမ ၁၄ ရှိပါသည်။

၂၀၀၀ ပြည့်နှစ်က မြန်မာတစ်မျိုးသားလုံး၏ အသားတင် CO_2 ဖယ်ရှားပေးနိုင်မှု ပမာဏပေါင်းသည် ၃၉၅၆၅ ဒသမ ၃၂ Gg ရှိသဖြင့် မြန်မာနိုင်ငံမှ ကမ္ဘာကြီးတစ်ခုလုံး၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏစုစုပေါင်းတွင် CO_2 ပမာဏ မက်ထရစ်တန်သန်းပေါင်း ၃၉ ဒသမ ၅၇ ခန့်ဖြင့် ပါဝင်ချေဖျက်ပေးထားပါသည်။

ထို့ကြောင့် ကမ္ဘာလေထုအတွင်း များပြားနေသောမှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးတွင် စာရေးသူတို့နိုင်ငံမှ ပါဝင်အထောက်အကူပြုလျက်ရှိသည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက်-

၁။ သဘာဝသစ်တောကြီးများ အဓွန့်ရှည်စွာ တည်တံ့စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်ရန်၊

၂။ သစ်တောစိုက်ခင်းများနှင့် သစ်ပင်များကို နည်းလမ်းမျိုးစုံဖြင့် အင်တိုက်အားတိုက် တည်ထောင်စိုက်ပျိုးကြရန်၊

၃။ နိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်လာမည့်စွမ်းအင်များကို မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော ရေအားစွမ်းအင်မှ အဓိကထုတ်လုပ်သုံးစွဲရန်၊

၄။ လူနေမှုအဆင့်အတန်း မြင့်မားလာသည့်အလျောက် ပိုမိုသုံးစွဲလာမည့်စွမ်းအင်များကို ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်နှင့် ဇီဝဓာတ်ငွေ့များမှ ထုတ်ယူသည့်လျှပ်စစ်ဓာတ်အားများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

၅။ လောင်စာကုန်ကျမှုသက်သာသည့် စွမ်းအားမြင့် အိမ်သုံးမီးဖိုများ (Effecient Cookstove)ကို ကျယ်ပြန့်စွာ တိုးချဲ့အသုံးပြုရန်၊

၆။ Power Plant များတွင် လက်ရှိအသုံးပြုနေသော ရုပ်ကြွင်းလောင်စာသုံး မီးဖိုကြီးများ (Furnace)နှင့် အခြားမီးဖိုကြီးများ၏စွမ်းရည်ကို တိုးမြှင့်အောင် ဆောင်ရွက်ရန်၊

၇။ သန့်ရှင်းသောပြန်ပြည့်မြဲစွမ်းအင် (Green and Renewable Energy) များဖြစ်သည့် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်များနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

၈။ စက္ကူဟောင်းများ၊ ပုလင်းခွံ၊ ဘူးခွံဟောင်းများနှင့် ပစ္စည်းဟောင်းများအား ပြန်လည်အသုံးပြုရန်နှင့် ပြန်လည်ထုတ်လုပ် (Reuse and Recycle)ရန်၊

၉။ အဆောက်အအုံများ၏ အမိုးများကို အရောင်ဖျော့ပြီး အလင်းပြန်မှုများသော အမိုးပြားများဖြင့် မိုးရန်၊

၁၀။ နေ့စဉ်သွားလာလုပ်ကိုင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက စနစ်တကျ ပြုမူနေထိုင်ခြင်းဖြင့် စွမ်းအင်အလဟဿ ဖြုန်းတီးမှုများ လျော့နည်းစေရေးအတွက် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

စာရေးသူတို့၏ သားသမီးမြေးမြစ် လူသားမျိုးနွယ်များအား **"အေးမြသော ကမ္ဘာကြီး"** ကို အမွေပေးခဲ့နိုင်ရေးအတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရန် မှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ။

လေဘေးသင့် ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာအခွန်/သစ်တောနှင့် သားငါးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် လူမှုဝန်ထမ်းနှင့်ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း မြစ်ကြီးနားသင်္ဘောဖြင့် ရောက်ရှိလာသည့် လေဘေးသင့် ရေလုပ်သား ၃၁၈ ဦးအား သာကေတဆိပ်ခံတံတားမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ လေဘေးသင့် ရေလုပ်သားများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများကို တစ်ဦးချင်းပေးအပ်ကြသည်။

အဆိုပါ လေဘေးသင့် ရေလုပ်သားများအား ယင်းတို့၏ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လျာထားရည်မှန်းချက်များဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လျာထားရည်မှန်းချက်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းများ ရေးဆွဲကြရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့်အခါ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် လက်ရှိဘဏ္ဍာရေးနှစ်နှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တာဝန်ခံများက အလေးအနက်ထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း အကျယ်တဝင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kenbo က အဓိကကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို မတ် ၂၆ ရက်တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Nearest To The Pin ဆုကို မိုးဝင်းက လည်းကောင်း၊ Nearest Line ဆုကို နိုင်ဝင်းလတ်ကလည်းကောင်း၊ Longest Drive ဆုကို နိုင်ရဲလင်းကလည်းကောင်း၊ Most Birdie ဆုကို အောင်လွင်မိုးက လည်းကောင်း ရရှိသည်။

အမျိုးသမီး (System 36) ဖြင့် တွက်ချက်သည့် ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် စိုးစိုးလေးက ပထမ၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် ထက်ထက်နုလွင်က ဒုတိယ၊ အသားတင်ရိုက်ချက် ၈၂ ချက်ဖြင့် လင်းလင်းသူက တတိယ၊ အသားတင်ရိုက်ချက် ၁၁၆ ချက်ဖြင့် အိဖြူမွန်က စတုတ္ထနှင့် အသားတင်ရိုက်ချက် ၁၂၆ ချက်ဖြင့် လွင်မြအေးတို့က ပဉ္စမရရှိသည်။

အမျိုးသား (System 36) ဖြင့် တွက်ချက်သည့် ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၇၀ ဖြင့် မွတ်နားက ပထမ၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် စိုင်းဝဏ္ဏအောင်က ဒုတိယ၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် မြင့်ဇော်ဦးက တတိယရရှိသည်။

အကျော့မဲ့ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် အောင်လွင်မိုးက ပထမ၊ စုစုပေါင်း ရိုက်ချက် ၇၃ ချက်ဖြင့် နိုင်ရဲလင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၇၄ ချက်ဖြင့် အောင်လင်းဦးက တတိယ၊ သူရကျော်က စတုတ္ထ၊ ဝင်းထိုက်က ပဉ္စမ၊ အောင်ဝင်းစိန်က ဆဋ္ဌမ၊ သန်းနိုင်ဦးက သတ္တမ၊ ကိုရဲက အဋ္ဌမ၊ မိုးဝင်းက နဝမနှင့် အောင်မိုးထွန်းက ဒသမ ရရှိသည်။ ယင်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော အောင်လွင်မိုးအား AUNG KENBO Trading Co., Ltd. ဒါရိုက်တာ ဦးမျိုးမင်းက KENBO ဆိုင်ကယ်တစ်စီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် AUNG KENBO Trading Co., Ltd. စီမံခန့်ခွဲမှုမန်နေဂျာ ဗိုလ်ကြီးခင်ဇော်(ငြိမ်း)က မုံရွာဂေါက်ကလပ်သို့ အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ မုံရွာဂေါက်ကလပ်ကိုယ်စား ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)က လက်ခံကြောင်း သိရသည်။

(သတင်းစဉ်)



ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး လုပ်ငန်းများကို မတ် ၅ရက်တွင် အဖွဲ့ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံရပ်ခြား ပညာသင်အခွင့်အလမ်းသစ်များဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၅

မြန်မာ့နှစ်သစ်အကြို Education For All အထူးအစီအစဉ်တစ်ရပ်အဖြစ် နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းသစ်များ ဟောပြောပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Traders Hotel (ကုန်းဘောင်-တကောင်း)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် ဗြိတိန် Worldwide Education Management ၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာနေ Ph.D (UK)က မြန်မာနိုင်ငံ ပညာရေးအဆင့်ကို နိုင်ငံတကာအသိအမှတ်ပြုမှုအရ (၈)တန်း ကျောင်းသား၊ ကျောင်းသူများ ဗြိတိန်၊ အမေရိက၊ ကနေဒါ၊ ဩစတြေးလျ တက္ကသိုလ်များသို့ GCSE/ IELTS/ TOEFL ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်သင်ယူခွင့်ရမည့် Uk Sixth Form နှစ်နှစ်သင်တန်းအကြောင်းနှင့် (၁၀)တန်း ဖြေဆိုထားသူများ၊ (၁၀)တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီးသူများ သင်ယူခွင့်ရမည့် HND/ SQA HND နှင့် Degree(Hons) တန်းများ အကြောင်းကို ဟောပြောမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များကို ကာကွယ်တားဆီးရန်အတွက် ပေါ်ထွန်းလာသော ဘာသာရပ်အသစ်များ၊ စီးပွားရေး၊ ဥပဒေ၊ ကွန်ပျူတာ၊ ဆေးဘာသာရပ်ဆိုင်ရာ နည်းပညာအသစ်များအကြောင်းကိုပါ မိတ်ဆက်ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း(အခမဲ့) တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာအတွက် Education For All ဖုန်း-၂၂၀၄၇၆၊ ၂၅၀၂၂၅နှင့် ၀၉-၇၃၀၄၉၃၉၉ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်ထိ ကျင်းပသည့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း(MIA)မှ ဒေါ်မိမိအောင်နှင့် ဒေါ်ခိုင်ခိုင်ဇင်တို့ မတ် ၂၈ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ တရားတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာ့ရှုခင်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၈။ ရှေးဟောင်းသုတ
- ၅း၀၀ ၉။ သတိနှင့်တိုးမည့် ပိုးဖလံများ
- ၅း၂၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၅၃)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ Mail Box
- ၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၁၀)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၇၃)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -တော်တော်ဆိုးတဲ့ သင်္ကြန်ပိုး (မိုးခန့်၊ ဇော၊ ဗေလုဝ၊ ဝက်မ၊ မေဖြူဖြူတက္ကသိုလ်ဂွမ်းပုံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၃။ Internet Website
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ(အပိုင်း-၂)**
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၅

သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသ သစ်နှင့်ပတ်သက်သောအဖွဲ့အစည်း (ITTO)တို့ ပူးပေါင်း၍ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်း အစီအစဉ်တွင် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားစီမံကိန်း မန်နေဂျာ ဦးအုန်းလွင်က ဒီရေတော အကြိုလုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမော်က မြန်မာနိုင်ငံရှိ ဒီရေတောများ စီမံအုပ်ချုပ်ခြင်း စာတမ်းကို လည်းကောင်း၊ သစ်တောသယံဇာတ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းက မြန်မာနိုင်ငံ ဒီရေတောလုပ်ငန်းနှင့် ပတ်သက်သော စာတမ်းကို လည်းကောင်း၊ ဒီရေတောနှင့် ပတ်ဝန်းကျင်ပြန်လည်တည်ထောင်ရေးကွန်ရက် (MERN)မှ ဒေါက်တာ မောင်မောင်သန်းက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ကောင်းမွန်လာစေရေးလုပ်ငန်းနှင့် ပတ်သက်သော စာတမ်းကိုလည်းကောင်း၊ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ သောင်းနိုင်ဦးက သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ စီမံကိန်းအဆိုပြုလွှာ (မူကြမ်း)ကို လည်းကောင်း၊ အမျိုးသားအကြံပေးပညာရှင် ဦးကျော်ထွန်းက ဒီရေတောဂေဟစနစ် အုပ်ချုပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍ ကြီးကြပ်စစ်ဆေးသောစနစ်(Monitorning System) ပေါ်ပေါက်လာစေရေးအတွက် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ကောင်းမွန်လာစေရေး စီမံကိန်းအဆိုပြုလွှာ(မူကြမ်း)ကို လည်းကောင်း ဖတ်ကြားရှင်းလင်း တင်ပြကြသည်။

ထို့နောက် စာတမ်းများအပေါ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ဆွေးနွေးကြပြီး သဘာပတိက ပြန်လည် သုံးသပ်ဆွေးနွေးသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒါရိုက်တာများအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၅

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒါရိုက်တာများအစည်းအဝေးကို ဧပြီ ၃ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရတနာပုံတယ်လီပို့တွင် ရင်းနှီးမြှုပ်နှံနေသည့် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ်က ကုမ္ပဏီလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဒါရိုက်တာအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဝန်ကြီးက သတင်းဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ အလုပ်အကိုင် ပိုမိုရရှိစေရေး၊ အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ် ဖြစ်အောင် လေ့ကျင့်ပေးရေး စသည်တို့ကို မှာကြားပြီး ရတနာပုံတယ်လီပို့မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ အလိုက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် ဒါရိုက်တာများ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တားမြစ်ဓာတုဆေးဝါးများ အသုံးမပြုရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၅

နိုင်ငံတော်အတွင်း ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ ငါးမွေးမြူခြင်းလိုင်စင်ရယူ၍ ငါးမွေးမြူနေသည့်မြေမှာ ဧက ၂၁၈၅၉၅ ဒသမ ၉၉၂ နှင့် ပုစွန်မွေးမြူနေသည့် ဧကမှာ ၂၂၄၉၄၉ ဒသမ ၅၆ ရှိသည်။ အဆိုပါ ငါး/ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ ထွက်ရှိသည့် မွေးမြူရေးငါးများကို ပြည်တွင်းတွင် စားသုံးရန် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ပိုလျှံသည့် မွေးမြူရေးငါးများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

တားမြစ်ထား

ထိုသို့ မွေးမြူရေး ငါး/ပုစွန်များကို ပြည်တွင်း၌ စားသုံးရာတွင်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်းကောင်း စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ပြည့်မီစေရေးအတွက် ငါး/ပုစွန်မွေးမြူရေး ဆောင်ရွက်ရာတွင် ဓာတုဆေးဝါးတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ သုံးစွဲခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။

ငါး/ပုစွန်မွေးမြူရေးတွင် တားမြစ်ထားသောဓာတုဆေးဝါးများမှာ Oxytetracycline၊ Oxolinic acid၊ Chloramphenicol၊ Nitrofurans၊ Tetracycline၊ Sulfanilamide၊ Neomycin၊ Chloroform၊ Chlopromazine၊ Nitromidazoles၊ Colchicine၊ Dapsone၊ Dimetridazole၊ Metronidazole၊ Clenbuterole၊ Ronidazoles၊ Malachite green and leuco Malachite green တို့ ဖြစ်သည်။

ထိရောက်စွာ အရေးယူမည်

ငါး/ပုစွန်မွေးမြူရာတွင် တားမြစ်ထားသည့် ဓာတုဆေးဝါးများ အသုံးပြုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်စိုး မြောက်ပြင် ပင်မဓာတ်အားခွဲရုံ(မန္တလေး)၊ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံနှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ဂေါဝိန်(ချော်ဆိပ်)ဆိပ်ကမ်းသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)ညွှန်ကြားရေးမှူး ဦးတင်အောင်က မန္တလေးမြို့ (မြောက်ပြင်) ပင်မဓာတ်အားခွဲရုံ၌ တပ်ဆင်ရန်အတွက် ရန်ကုန်မြို့မှ ရေယာဉ်ဖြင့် သယ်ဆောင်လာမည့် (၂၃၀/၃၃/၁၁)ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးကို မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ မော်တော်ယာဉ်ဖြင့် သယ်ယူနိုင်ရေးအတွက် ဂေါဝိန်(ချော်ဆိပ်)ဆိပ်ကမ်း၌ ဆောင်ရွက်လျက်ရှိသော ယာယီဆိပ်ကမ်းကပ်ခုံ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်က ထရန်စဖော်မာများသယ်ယူရာတွင် လမ်းဖြတ်တံတားများကို အန္တရာယ်ကင်းစွာ ဖြတ်သန်းသယ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ထရန်စဖော်မာသယ်ယူမည့် လမ်းကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ (မန္တလေး) တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ညွှန်ကြားရေးမှူးက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ (မန္တလေး) လုပ်ငန်းများ တည်ဆောက်ပြီးစီးမှုနှင့် ပစ္စည်းများရောက်ရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးမောင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန (မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်က မြောက်ပြင် ပင်မဓာတ်အားခွဲရုံတွင် တည်ဆောက်လျက်ရှိသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ၊ ပင်မဓာတ်အားခွဲရုံ Control Building တည်ဆောက်ပြီးစီးမှု၊ Switch Yard တည်ဆောက်ရန်အတွက် ဆက်စပ်ပစ္စည်းများရောက်ရှိမှု၊ ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းက မြောက်ပြင် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စနစ်တကျဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ၁၃၂ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံမှူးက Control Building တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ Control Room အတွင်း ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး၊ ထိန်းသိမ်းမောင်းနှင်မှု စနစ်တကျပြုလုပ်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ၁၃၂ ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံအစည်းအဝေးခန်းမ၌ ခွဲရုံမှူး အင်ဂျင်နီယာမှူး ဦးသိန်းထွန်းအောင်က ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ခွဲရုံလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ လိုင်းထိန်းသိမ်းရေးဆောင်ရွက်မှု၊ ခွဲရုံအတွင်းရှိ ဆက်စပ်ပစ္စည်းများ လဲလှယ်ဆောင်ရွက်မှုနှင့် Switch Yardအတွင်း စက်များကြံ့ခိုင်ရေး၊ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Control Room အတွင်း ကြည့်ရှုစစ်ဆေးရာ ရွှေလီဓာတ်အားပေးစက်ရုံမှ ထွက်ရှိသော ဓာတ်အားကို ၂၃၀ ကေဗွီ မန်စန်ဓာတ်အားခွဲရုံမှတစ်ဆင့် ဘဲလင်း ပင်မဓာတ်အားခွဲရုံသို့ လည်းကောင်း၊ (၂၃၀/၃၃/၁၁)ကေဗွီ၊ ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ပြင်ဦးလွင် ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံ မြောက်ပြင်ပင်မဓာတ်အားခွဲရုံများသို့ လည်းကောင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Switch Yard ၌ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ပေးပို့မည့် ၂၃၀ ကေဗွီ Switch Bay Extension တည်ဆောက်ပြီးစီးမှုနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အင်ဂျင်နီယာမှူး ဦးသိန်းထွန်းအောင်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့်ဇနီး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ငွေး၊ ဦးစိုးဦးနှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက်နှစ်(၃၀)ပြည့် ဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ထူးချွန်ဆုရရှိသူများ၊ ဗဟိုအဆင့် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲတွင် ဆုရရှိသူများ၊ အားကစားထူးချွန်ဆုရရှိသူများနှင့် ဦးစီးဌာန၊ တက္ကသိုလ်များ၌ အိမ်ရာ စိုက်ပျိုးရေးနှင့် သန့်ရှင်းရေးဆု ရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အလွတ်သဘောညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲ (Informal Consultation on Myanmar Artemisinin Resistance Containment Framework)ကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှေရယ်ကုမုဒြာဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်နေသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့Global Malaria Programme မှ Anti-Malaria Drug Resistance, Project Director Dr.Pascal Ringwald၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် Dr.Allan Schapira၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B Tennakoon နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး Dr. Wichai Satimai၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဒေသဆိုင်ရာငှက်ဖျား ဆရာဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကား ပြောကြားရာတွင် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကာကွယ်နှိမ်နင်းရမည့် ရောဂါတစ်ခုဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တီမောလက်စ်တေ စသည့် နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ ငှက်ဖျားရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ မြို့နယ် ၂၈၄ ခုတို့၌ ငှက်ဖျားရောဂါ အမြစ်တွယ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါ ဖြစ်ပွားလျက်ရှိပြီး ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ ၂၀၀၉ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ငါးသိန်းရှိကာ ငှက်ဖျားရောဂါကြောင့် သေဆုံးသူပေါင်း ၉၇၄ ဦး ရှိခဲ့ကြောင်း။

အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် လက်ရှိအခြေအနေတွင် အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး မဟာဗျူဟာများ၊ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာများအရ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် ယခုအခါ၌ အိမ်နီးနားချင်းနိုင်ငံတချို့တွင် ငှက်ဖျားရောဂါပိုးများသည် အာတီမီစီနင်း ငှက်ဖျားဆေးများကို ယဉ်ပါးလာမှု စတင်တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၌လည်း အာတီမီစီနင်း ငှက်ဖျားဆေးမတိုးသော သံသယဖြစ်ဖွယ်ရာရှိလာသဖြင့် ဆေးယဉ်ပါးမှုကို စီမံချက်ချကာ ကာကွယ်နှိမ်နင်းရန် လိုအပ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ အာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေး အစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက် လုပ်ငန်းများကို ရည်မှန်းချက်(၇)ရပ် ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများသည် ယခင် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်အတူ တူညီသော်လည်း ချဉ်းကပ်ဆောင်ရွက်ပုံ ကွဲပြားခြားနားသည့်အတွက် စီမံချက်နှင့် သက်ဆိုင်သူများအားလုံးက ဟန်ချက်ညီညီ ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါကြောင်း။

စံချိန်စံညွှန်းမမီသည့် ငှက်ဖျားဆေးများနှင့် ငှက်ဖျားဆေးအတုများ တင်သွင်းခြင်းကို တားဆီးခြင်း စသည်တို့ကို ပြုလုပ်ပေးနိုင်ရန်အတွက် အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိမိဒေသအတွင်းရှိ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သည့် အခြားဝန်ကြီးဌာနများဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအသီးသီး၏ ပူးပေါင်းပါဝင် ဝါယမစိုက်ထုတ်မှုအင်အားများ ရရှိရန်အတွက်လည်း မရှိမဖြစ် အထူးအရေးတကြီး လိုအပ်ကြောင်း၊ ယင်းတို့၏ အာရုံစိုက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ မရရှိပါက ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည် မဟုတ်ကြောင်း။

အာတီမီစီနင်း တစ်မျိုးတည်း ပါဝင်သော ငှက်ဖျားဆေးများ မှတ်ပုံတင်ခြင်း၊ များက ပူးပေါင်းပါဝင်ဆောင်ရွက်လာရန်အတွက်လည်း အရေးကြီးလာပြီဖြစ်ကြောင်း။

ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့် မိတ်ဖက်အဖွဲ့အစည်းများကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ပံ့ပိုးမှုပေးခြင်းဖြင့် စီမံချက်ဒေသအသီးသီးတွင် လုပ်ငန်းများ နေရာထပ်နေမှုမရှိဘဲ လွှမ်းခြုံမှု ကောင်းမွန်စွာရရှိသည့် အရင်းအမြစ်များကို အကျိုးရှိစွာ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရန်ပုံငွေကို ၂၀၁၀ ခုနှစ်တွင် လက်ခံရရှိခဲ့ကြောင်း၊ ယခု ၂၀၁၁ ခုနှစ်တွင် အမျိုးသားရေးအသွင်ဖြင့် ဆေးယဉ်ပါးမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ ၂၀၁၁ ခုနှစ်တွင် ရောဂါကြီးသုံးမျိုး ရန်ပုံငွေမှတစ်ဆင့် အထောက်အပံ့များလည်း ထပ်မံရရှိရန်လိုကြောင်း၊ ဖော်ပြပါ အထောက်အပံ့များကြောင့် ဆေးယဉ်ပါးမှု ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများအားလုံးကို စည်းချက်ညီညီ ဟန်ချက်ညီညီနှင့် လာမည့်နှစ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon က အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "သုညတ ဆိုက်အောင်ရှုပါ" တရားတော် (ဆရာတော်ဦးယောသိတ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၆၅)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၂၃)**
- ၈:၄၅ April Music Show(Part-5)
- ၉:၃၀ အားကစားမြင်ကွင်းစုံ
- ၉:၅၅ သူနာပြုဒီပလိုမာ(၁၉၈၇-၉၁) အာစရိယပူဇော်ပွဲ
- ၁၀:၁၀ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၇) (သွေးကင်ဆာ)
- ၁၀:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (ဆင်ပေါက်)
- ၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Revital ကနေကျင်းပတဲ့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အတွက် ကံထူးရှင်များရွေးချယ်ခြင်း)
- ၁၁:၁၀ ခါသကြ်န်အဆိုအကများ
- ၁၁:၂၀ Activities In The City (ရွှေဆည် Entertainment မှ ဖွင့်လှစ်မည့်အနုပညာဒီပလိုမာ သင်တန်းစာနယ်ဇင်းရှင်းလင်းပွဲ)
- ၁၁:၃၅ သမိုင်းကြောင်းရှိသူများ၏နေရာ
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ Industrial Talk
- ၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (သံပရာရည်ဆမ်းပြည်ကြီးငါးပေါင်းနှင့်ငရုတ်ကောင်းနံ့သင်းသည့် ကြက်ပြုတ်ရည်)
- ၁:၀၀ "သုညတ ဆိုက်အောင်ရှုပါ" တရားတော် . (ဆရာတော်ဦးယောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (လွှမ်းတတ်တာကောင်းတယ်၊ မလွှမ်းတတ်တာကောင်းတယ်)
- ၃:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၆၅)**
- ၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၂၃)**
- ၄:၅၅ ခါသကြ်န်အဆိုအကများ
- ၅:၀၅ ဂန္ထဝင်တေးသံရှင်ဦးအံ့ကြီးနှင့် ဂါရဝပြုတွေ့ဆုံခြင်း (အပိုင်း-၃)
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၅၀ Road to Sai Sai Birthday Show
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၆)**
- ၇:၁၅ April Music Show(Part-6)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ MRTV-4 မြန်မာ့ရိုးရာသကြ်န်
- ၈:၄၅ Celebrity Style (မယ်လိုဒီ)
- ၉:၀၅ ခါသကြ်န်အဆိုအကများ
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၂၄)**
- ၁၀:၁၅ Cartoon Show Time (Legend of the Guardians; The Owls of Ga'Hoole)
- ၁၀:၅၀ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၁၁:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
- ၁၁:၅၅ ရသစုံစွာ တေးအလင်္ကာ
- ၁၂:၁၅ World of Knowledge (Lord of The Ring's On Stage)
- ၁:၀၅ စိန်တို့ရဲ့ကမ္ဘာစိန်ဧကရာဇ်ပါ
- ၁:၁၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
- ၁:၃၅ အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင် ရရှိရေး
- ၁:၄၅ Shooting Location (ခင်ယုမေအိမ်)
- ၂:၁၀ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၂:၂၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင်ဦးသန်းထွန်း ပရိဘောဂတိုက်)
- ၂:၃၅ မြန်မာ့လက်မှုယွန်းအနုပညာ
- ၂:၅၅ မက်မက်မောမောမက်မန်း
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
- ၄:၁၅ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၄:၃၅ တိုးတက်စည်ဝေညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အမှုဆောင်အဖွဲ့ဝင်များမှ ဖျာပုံခရိုင် လေပြင်းဒဏ်ခံရသော ရေလုပ်သားများအား အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးစိုးသိန်းအား Changsha Ocean Automobile Parts Co., Ltd. မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Changsha Ocean Automobile Parts Co., Ltd. Managing Director Mr. Zhang Weihui နှင့်အဖွဲ့သည် ဧပြီ ၃ ရက် ညနေ ၄ နာရီတွင် အမှတ်(၁၁) အထွေထွေအကြီးစားစက်ရုံ(ရန်ကုန်)ရှိ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

နည်းပညာများ လွှဲပြောင်းရေး ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဆောင်ရွက်လျက်ရှိသည့် မော်တော်ယာဉ်များ ထုတ်လုပ်မှုအတွက် လိုအပ်သော Mould & Die ထုတ်လုပ်မှုအတွက် နည်းပညာများ လွှဲပြောင်းရေးကိစ္စနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြ်န်

- ❊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ်န်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဝန်ကြီး ဦးမြင့်လှိုင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်ဆွေးနွေးမှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

အဆိုပါ ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန် လက်ရှိစိုက်ဧက ကိန်းဂဏန်းများ မှန်ကန်ရေးနှင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းများ မှန်ကန်ရေးအတွက် ကိန်းဂဏန်းအချက်အလက်များ စနစ်တကျကောက်ယူရေးသည် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအနေဖြင့် ချက်ချင်းလက်ငင်း အမြန်ဆုံး အချက်အလက်များမှန်ကန်အောင် ကောက်ယူရန်လိုကြောင်း။

သီးနှံများ တစ်ဧကအထွက်နှုန်း အမှန်တကယ်တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ တောင်သူလယ်သမားများလက်ဝယ် ရောက်ရှိစေရေး၊ မျိုးသန့်ဖုန်များ ထုတ်လုပ်ရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် အလေအလွင့်နည်းနိုင်သမျှ နည်းစေခြင်း စသည့် နည်းလမ်းလေးသွယ်ကို လက်တွေ့ကျကျ ကျင့်သုံးလာအောင် နမူနာစံပြစိုက်ကွင်းများ ထူထောင်ပေးရန်လိုကြောင်း။

စက်မှုလယ်ယာစနစ်သို့ လက်တွေ့ကူးပြောင်းနိုင်မှသာလျှင် နောက်ကျကျန်ရစ်နေသော မိမိတို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်နေတောင်သူလယ်သမားများ၏ ဘဝအားမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး သီးထပ်၊ သီးညှပ်၊ နှစ်သီး၊ သုံးသီး စသည်ဖြင့် ရာသီဥတုအခြေအနေနှင့် ရေမြေသဘာဝကိုက်ညီသော သီးနှံအမယ်များကို ရွေးချယ်၍ စိုက်ပျိုးပြီး စိုက်ပျိုးရေးထုတ်ကုန်သီးနှံများ အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က လုပ်ငန်းဆိုင်ရာများနှင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးမှာကြားကြပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က လယ်ယာကဏ္ဍ ကိန်းဂဏန်းများ တိကျမှန်ကန်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်မှုလယ်ယာစနစ်မှ ခေတ်မီ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(တောင်ကြီး) ပအိုဝ်းပွဲတော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိစေရန် ပအိုဝ်းဘာသာဖြင့် ပြသထားရာ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။

(ပြည်နယ်ကညန)

၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့
ဧပြီလ ၇ ရက်နေ့
World Health Day 2011
7 April
ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့။
Combating Antimicrobial Resistance

ကျန်းမာရေးဝန်ကြီးဌာန

အထက(၁)မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ အထက(၁)မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဧပြီ ၁၁ ရက် ညနေမှ ၁၆ ရက်အထိ ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်း၊ ဆရာဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဆရာများအနေဖြင့် ကြိုတင်စာရင်းပေးကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြ ဖုန်း-၀၉-၅၁၉၇၇၇၇၊ ဦးချိုအေး(ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း-၀၉-၇၃၀၂၂၀၆၂၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဒေါ်လှသိန်း ဖုန်း-၀၉-၇၃၀၁၀၆၅၅၈၊ ဒေါ်ဆောင်းသီတာ(သက်လုံအထူးကုဆေးခန်း) ဖုန်း-၀၉-၅၀၀၄၃၁၉ နှင့် ဒေါ်ညွန့်ရွှေ ဖုန်း-၀၉-၅၀၈၇၇၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လျှောင်ဒဏ်သင့်ပြည်သူများအတွက် ထူးဖောင်ဒေးရှင်းနှင့် Air Bagan Ltd. တို့မှ ဝန်ထမ်းများ အလှူငွေနှင့်ဆေးဝါးများ လှူဒါန်း

ရန်ကုန် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာလေမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထူးဖောင်ဒေးရှင်းနှင့် Air Bagan Ltd. တို့မှ ဝန်ထမ်းများသည် မတ် ၂၇ ရက်က အလှူငွေနှင့် ဆေးဝါးများ သွားရောက် လှူဒါန်းကြသည်။**(ယာပုံ)**

ထူးဖောင်ဒေးရှင်းနှင့် Air Bagan Ltd. တို့မှ ဝန်ထမ်းများသည် တာလေမြို့၊ မိုင်းလင်းရွာနှင့် မိုင်းကိုးကျေးရွာအုပ်စု၊ ကျကူနီရွာများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ကျပ်သိန်း ၂၀၀ ဖိုးရှိ ဆေးဝါးပစ္စည်းမျိုးစုံတို့ကို လှူဒါန်းခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရနှင့် ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေချိန်တွင် ထူးဖောင်ဒေးရှင်းနှင့် Air Bagan Ltd. တို့မှ ဝန်ထမ်းများကလည်း လိုအပ်သည့်နေရာများတွင် အထောက်အပံ့ ဖြစ်စေရန် လှူဒါန်းခြင်းဖြစ်ပြီး လိုအပ်သည်များရှိပါက ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ငလျင်နှင့် ဆူနာမီဒဏ်သင့် ဂျပန်နိုင်ငံသားများအတွက်လည်း ထူးဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာနှစ်သောင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ သွားရောက်လှူဒါန်းခဲ့သည်။

ထူးဖောင်ဒေးရှင်းကို ၂၀၀၈ ခုနှစ် မေလက ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အရေးပေါ်အခြေအနေများတွင် လိုအပ်သည်များ ထောက်ပံ့ရန်၊ ကျန်ကာလများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ လှူဒါန်းမှုများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ကြေးမုံ)

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၅

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ် ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူ စာပေဆုပြိုင်ပွဲတွင် ၂၀၁၀ ခုနှစ်အတွက် (၁၈)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော စာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် မောင်ဟန်တင့်(ပင်လည်ဘူး) ရေးသားသည့် “အမေ့လမင်း အလင်းသံစဉ် ကဗျာများ” က ပထမ၊ မြေလတ်မင်းလွင်ရေးသားသည့် “မေတ္တာဆမ်းတဲ့ ပန်းလက်ဆောင်ကဗျာများ”က ဒုတိယ၊ ပြေအေးသက် ရေးသားသည့် “ငယ်ကျွမ်းချစ်ကဗျာများ”က တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ရွှေညာသားမြတ်မင်း ရေးသားသည့် “ပြက္ခဒိန်တောင်တန်း ပန်းလောင်မြစ်ကမ်းမှ အလှသစ္စာ”က ပထမ၊ ပိုင့်လှိုင်းသစ် ရေးသားသည့် “နာကြည်းချက်၏ အလှသဏ္ဍာန်များ”က ဒုတိယ၊ ပုသိမ်အောင်သန်းဦး ရေးသည့် “အလင်းတံခါး ဖွင့်သူများ၏ ဘူမိနက်သန်”က တတိယ ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ရဲမြတ်တင် ရေးသားသည့် “ဆီမုဆိုးနှင့်အခြားဝတ္ထုတိုများ”ကပထမ၊ ကျွန်းစဉ်မြေစောခက် ရေးသားသည့် “ကျားပါးစပ်ထဲက အာဟာရနှင့် အခြားဝတ္ထုတိုများ”က ဒုတိယ၊ မောင်ခြိမ့်ရေးသားသည့် “ထီးမပါကြသူများနှင့် အခြားဝတ္ထုတိုများ”က တတိယ ရရှိကြသည်။ ကျမ်းစာပေဆုတွင် ဇင်မင်း(သမိန်ထော) ရေးသားသည့် “မြန်မာပြဇာတ် ရေစီးနှင့် ရေ့ခရီး”က ပထမ၊ ဒေါက်တာတင်သိန်း(ဘူမိဗေဒ) ရေးသားသည့် “မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု”က ဒုတိယ ရရှိကြသည်။

သုတေသနစာပေဆုတွင် သန်းထွန်း(မော်လမြိုင်) ရေးသားသည့် “မြန်မာနိုင်ငံသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များမော်ကွန်း”က ပထမ၊ မောင်ရင့်ကျူး (မြောင်းမြ) ရေးသားသည့် “မြန်မာနိုင်ငံဗုဒ္ဓယဉ်ကျေးမှုအနုပညာ”က ဒုတိယ၊ မေမြို့ချစ်ဆွေ ရေးသားသည့် “မြန်မာ့အလှ သစ်တောသယံဇာတ” က တတိယ ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် “ ၂၀၁၀ ခုနှစ် တစ်သက်တာစာပေဆု”အတွက် ဆရာကြီး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)ကို ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ညဏ်လင်းအောင် ပထမနှစ်- ဂုဏ်ထူးတန်း(သဘင်)ကလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မမြသဉ္ဇာအောင် ဒုတိယနှစ်(ဂီတ)ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၁ ခုနှစ် ဧပြီလ နောက်ဆုံးသီတင်းပတ်တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ရေကြည်မြို့ မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း ဘားအံမြို့ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်မင်းသည် မေ ၁ ရက်တွင် ဘားအံမြို့ ဘားမဲတောင်ပေါ်ရှိ ရေပေးဝေရန် အသစ်ထပ်မံတည်ဆောက်ပြီးသည့် ရေဂါလန်တစ်သိန်းဆံ့ ရေကန်နှင့် လက်ရှိ ဘားအံမြို့အား ရေပေးဝေဖြန့်ဖြူးလျက်ရှိသည့် ရေပေးဝေကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဘားအံမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးအတွက် အဝီစိတွင်း တူးဖော်နေမှု၊ သစ်တောပျိုးဥယျာဉ်၌ ပြည်နယ်သစ်တောဦးစီးဌာနက ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ ပျိုးပင် တစ်သိန်း ပျိုးထောင်ထားရှိမှု၊ အမှတ်(၉) ရပ်ကွက်သို့ ရေပေးနိုင်ရေးအတွက် ရေဂါလန် ငါးသောင်းဆံ့ ရေကန်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂ ရက်တွင် ဘားအံမြို့နယ် မြိုင်ကလေး စံပြကျေးရွာအနီး တောင်သူများ စုပေါင်းကျင်းပသည့် နွေစပါး ထယ်ရေးငင်ခြင်းနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက်ပွဲကို တက်ရောက်အားပေးပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနတို့က ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဆိုင်ရာ လယ်ယာသုံး စက်ကိရိယာများ၊ ပိုးသတ်ဆေးမျိုးစုံ၊ သဘာဝမြေဩဇာ၊ ရွက်ဖျန်းအားတိုးဆေးမျိုးစုံနှင့် နည်းပညာပေးစာအုပ်များ ခင်းကျင်းပြသထားရှိမှုတို့ကို တောင်သူများနှင့်အတူ လှည့်လည်ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မေ ၃ ရက်တွင် ဘားအံမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသော သတ္တမအကြိမ် စုပေါင်းရှင်ပြုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ စုပေါင်းရှင်ပြုပွဲတွင် ရှင်သာမဏေ ၆၅ ပါး ရှင်ပြုခဲ့ကြကြောင်း သိရှိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဘားအံမြို့ ကျက်သရေဆောင် အတုလသာသနိကဗိမာန်တော်အတွင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် မွှာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာများအား အောင်လက်မှတ်နှင့် စာအောင်ဆုငွေ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၁) ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ထုတ်ကုန်အရည်အသွေး မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ထုတ်ကုန်အရည်အသွေး မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စွာခိုင်က ဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှုရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ထုတ်လုပ်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ ပြုပြင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်၊ ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ထုတ်ကုန်ပစ္စည်းများ သမားရိုးကျပုံစံထုတ်လုပ်နေခြင်းအစား ပြောင်းလွယ်ဖြစ်လွယ်သဘောတရားကို အခြေခံ၍ ထုတ်လုပ်သွားရန်၊ တိုးတက်နေသော နည်းပညာရပ်များကို ခေတ်နှင့်အညီ မျက်ခြည်မပြတ် အမြဲတမ်းလေ့လာကြရန်နှင့် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် တာဝန်ရှိသူအသီးသီးက စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်မှု အခြေအနေများကို လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ လျှပ်စစ်နှင့်ဘွိုင်လာစစ်ဆေးရေးလုပ်ငန်းများ ကြီးကြပ်ညှိနှိုင်း ဆောင်ရွက်မှုနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းများအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်မှု အခြေအနေ၊ ကုန်ချောပစ္စည်းများ ဖြန့်ဖြူးရောင်းချမှု အခြေအနေများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း သနပ်ပင်မြို့နယ်ရှိ ဦးစံရွှေဦး၏ လယ်မြေ၌ စက်ယန္တရားကြီးများဖြင့် နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်များ၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ပဲခူးတိုင်းဒေသကြီး စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၄ ရက် မွန်းလွဲပိုင်းတွင် ပဲခူးခရိုင် ကဝမြို့သို့ ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထို့နောက် သနပ်ပင်မြို့နယ်သို့ ရောက်ရှိပြီး သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ်ရှိ ဦးစံရွှေဦး၏ လယ်မြေ၌ မြင်းကောင်ရေ(၈၀)ရှိ LOVOL ထွန်စက်နှင့် GULIAN ရိတ်ခြွေစက်နှစ်ခု ပေါင်းစပ်ထားသော စက်ယန္တရားကြီးများဖြင့် နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းစက်ကြီးသည် တစ်နေ့ ၁၅ ဧက ရိတ်သိမ်းနိုင်ပြီး တစ်ဧကလျှင် တင်း ၁၀၀ နှုန်းခန့်ထွက်ကာ အလေအလွင့်နည်းပါးကြောင်း၊ စပါးပင်၏ ခြောက်လက်မအထက် ရိတ်သိမ်း၍ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦး အောင် ကြည် လျှော်ကြောင် ဒဏ် သင့် ပြည်သူများအတွက် ရန် ကုန် မြို့ နေ ဦးဌေးအောင် - ဒေါ်ဌေးဌေးညွန့် (ဆာကူရာကုမ္ပဏီ) မိသားစုက လှူဒါန်းသော အလှူငွေကျပ် သိန်း ၅၀ ကို လက်ခံစဉ်။

(သတင်းစဉ်)

ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ရန်ကုန်မြို့နေ ဦးဌေးအောင်-ဒေါ်ဌေးဌေးညွန့်(ဆာကူရာကုမ္ပဏီ) မိသားစုက လှူဒါန်းသော အလှူငွေကျပ် သိန်း ၅၀ ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအကပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၅

၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်၌ မူလတန်းကြိုကျောင်းများ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ၏ ယိမ်းအကပြိုင်ပွဲများ၊ ၁၂ ဦးယိမ်း၊ ၁၆ ဦးယိမ်းနှင့် ၂၀ ဦး ယိမ်းပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲဝင်လိုသော အသင်းများသည် ကျောက်တံတားမြို့နယ် မြို့တော်ဘဏ် ပထမထပ်ရှိ စစ်ဆေးရေးရုံးခန်း၌ မေ ၉ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုသော အချက်များကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၇၉၆၉၁ နှင့် ၃၇၈၀၀၃ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီသည် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနဝန်ကြီးရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါကောင်းမွန်သော အုပ်ချုပ်မှုစနစ်(Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေး ကြိုးပမ်းမှု လုပ်ငန်းစဉ်တွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့် ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်း အင်္ဂါရပ်များပါ မိမိတာဝန်ယူရသော လုပ်ငန်းနယ်ပယ်ဘာသာရပ် ကျွမ်းကျင်နှံ့စပ်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရေး၊ ကိုယ်ကျင့်တရားကောင်းမွန်၍ အဂတိတရားလိုက်စားမှု ကင်းရှင်းရေးစသည့် အချက်များကို အလေးထားကြရန်လိုအပ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ကောင်းသော အလေ့အကျင့်မှ ကောင်းသော အလေ့အထများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် လေ့ကျင့်ပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ရှိပြီးအခြေခံကောင်းများကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် အပြုသဘောဆောင်သည့် စိတ်ဓာတ်များနှင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ယာယီရေဆက်သွယ်ခွင့်လျှောက်ထားနိုင်

ရန်ကုန် မေ ၅

၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကို ဆက်သွယ်ကစားလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ယာယီရေဆက်သွယ်ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်ပြီး လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်)တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ရုံးခန်းတို့၌ အခမဲ့ ထုတ်ယူနိုင်သည်။

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ /သန့်) တာဝန်ခံတို့၏ မှတ်ချက်ရယူ၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ မဏ္ဍပ်ဆောက်လုပ်ခွင့်တို့ ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပြီး ရေဆက်သွယ်မှုကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ပေးမည်ဖြစ်သည်။

ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးနှင့် အခြားမြေစိုက်တန်းများမှ ရေပိုက်ကို ဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝမပြုလုပ်ရန် အသိပေးနှိုးဆော်ထားပြီး ပြုလုပ်ပါက ဥပဒေ၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာစက်မှုဇုန် စစ်ဆေး

နေပြည်တော် မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် မေ ၄ ရက် မွန်းလွဲပိုင်းတွင် မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုစက်ရုံအတွင်း 22 HP တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ၊ ပြည်ပအစားထိုး အင်ဂျင်(၂၈)ကောင်တပ် အသေးစားထွန်စက်များ၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါစက်ရုံ ချင်းတွင်းရတနာခန်းမ၌ မုံရွာစက်မှုဇုန်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဝင် ဦးခင်မောင်ဝင်းနှင့် သီဟထွန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးညွန့်လွင်တို့က ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စွမ်းအင်၊ စက်မှု၊ သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကလေး လူနာဆောင်၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအား တစ်ဦးချင်း လိုက်လံတွေ့ဆုံပြီး အားပေးစကားပြောကြားကာ မုံရွာမြို့ သလ္လာရပ်ကွက်ရှိ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ အမျိုးသမီးလူနာဆောင်နှင့် အမျိုးသားလူနာဆောင်တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းငွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းငွေအား CNPC ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းငွေအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သောအဖွဲ့သည် မေ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် CNPC ကုမ္ပဏီမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)လျှင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းမည့်အလှူငွေ အမေရိကန်ဒေါ်လာငါးသောင်းကို CNPC ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဆင်း (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံ (ရန်ကုန်) သို့ အလှူငွေကျပ် ၃၇၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(ဇီဝိတဒါန)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Myanmar Thiha Co., Ltd.၏ ကူညီပံ့ပိုးမှုဖြင့် မေ ၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ)က " လာမည့်အာရှရာစုတွင် မဟာဗျူဟာလမ်းဆုံဖြစ်လာမည့် မြန်မာနိုင်ငံ " (Myanmar at The Strategic Nexus in The Coming Century) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

ချယ်လ်ဆီးနှင့်မန်ယူ ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ဒုတိယနေ့ပွဲစဉ်များ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့၏ ဒုတိယနေ့ပွဲစဉ်များတွင် ပရီမီယာလိဂ်ထိပ်သီးကလပ် ချယ်လ်ဆီးနှင့် မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမှုက ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမည်ဖြစ်သလို အိမ်ကွင်းကစားရမည့် ဘာစီလိုနာ၏ ဂိုးသွင်းစွမ်းရည်ကိုလည်း ကြည့်ရမည်ထင်သည်။

၇-၄-၂၀၁၁ (ကြာသပတေးနေ့)
နံနက် ၁း၁၅ နာရီ
ချယ်လ်ဆီး - မန်ယူ

အင်္ဂလိပ် ပရီမီယာလိဂ် ထိပ်သီးနှစ်သင်း ဆုံတွေ့သည့်ပွဲဖြစ်ခြင်းကြောင့် ပြင်းထန်သည့် ပြိုင်ဆိုင်မှုကိုမြင်တွေ့ရဦးမည်ဖြစ်သည်။ ၁၆ သင်းရှုံးထွက်အဆင့်တွင် ချယ်လ်ဆီးက ကိုပင်ဟေဂင်ကို ကျော်ဖြတ်ခဲ့ပြီး မန်ယူက မာဆေးလ်ကို ကျော်ဖြတ်ခဲ့ခြင်းကြောင့် ဤနှစ်သင်း၏ ဖြတ်သန်းရာလမ်းကြောင်းက ခက်ခဲမှုမရှိခဲ့ဟု ဆိုရမည်ဖြစ်သည်။

ဤနှစ်သင်း၏ လက်ရှိအနေအထားကိုကြည့်မည်ဆိုလျှင် ချယ်လ်ဆီးက ပြည်တွင်းလိဂ်မှာ ရုန်းကန်နေရပြီး မန်ယူက ဒဏ်ရာပြဿနာကြားမှပင် ချန်ပီယံလမ်းကြောင်းပေါ် လျှောက်လှမ်းနေနိုင်ဆဲဖြစ်သည်။ ကစားသမားပိုင်းနှင့် ခြေစွမ်းပိုင်းတွင် ကွာဟမှုမရှိသော်လည်း ချယ်လ်ဆီးက အိမ်ကွင်းအားသာချက်ရှိနေသည်။ ထို့ပြင် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲရှုံးကြွေးကို ပြန်ဆပ်ရန် ချယ်လ်ဆီးအနေဖြင့် ကြိုးစားလာမည် ဖြစ်သည်။ သို့သော် အကြောင်းသိအသင်းအချင်းချင်း ဆုံတွေ့သည့်ပွဲဖြစ်ခြင်းကြောင့် ချယ်လ်ဆီးအနေဖြင့် သိသိသာသာ အသာစီးရယူနိုင်ဖွယ်မရှိဘဲ သရေဆိုလျှင်လည်း လက်ခံရမည့် အနေအထားဖြစ်သည်။

ဘာစီလိုနာ - ရှက်တာဒိုးနက်

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအနေဖြင့် ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် ဆုံတွေ့ရသည်မှာ ပွဲချောင်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ရှက်တာဒိုးနက်သည် ရိုးမားကဲ့သို့အသင်းကြီးမျိုးကို နောက်ကောက်ချနိုင်ခဲ့သည်ကိုဖြင့် မေ့ထား၍မရနိုင်ပေ။ ဘာစီလိုနာသည် တစ်ဦးချင်းရော အသင်းလိုက်ပါ အကောင်းဆုံးပုံစံတွင် ရှိနေသည်။ ဘာစီလိုနာမှ ဇာဗီ၊ အင်နီယေစတာ၊ ဒေးဗစ်ဗီလာ၊ ပက်ဒရိုနှင့် မက်ဆီတို့မှာ တွဲလုံးများဖြင့် ထိုးဖောက်မှုအားကောင်းသလို တစ်ဦးချင်း ဂိုးသွင်းစွမ်းရည်ရှိကြသူများလည်း ဖြစ်သည်။ ရှက်တာဒိုးနက်တွင် ဂျက်ဆင်၊ အက်ဂွါဒိုနှင့် ကော့စတာတို့လောက်သာ အဆင့်အတန်းမီ ကစားသမားရှိနေခြင်းကြောင့် စပိန်မြေနူးကမ့်တွင် ဘာစီလိုနာ၏ တိုက်စစ်ကို ကြာကြာတောင့်ခံနိုင်မည် မထင်ပေ။ ဤပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဟန်သစ်

နေပြည်တော် မဟာသကြ်ာန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၅

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်း၊ ရေပြာ တပ်မတော်ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းအားလုံး တစ်ကွင်းတစ်ရက်စီဖြင့် ရက်အလိုက် သုံးရက် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလားနှင့် အသင်းဝင်အားကစားသမား တစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၁၀ သိန်းစီအပြင် ဒုတိယဆုရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသည့် ကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် ကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro ကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် ကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေးသတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်ကစားသမားများ၏ အမည်စာရင်းကို မေ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉နှင့် ၄၁၄၇၅၃ (Fax) တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** မြိတ်မြို့တွင် သုညဒသမ ၉၀ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ် အော် အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မေ ၆ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)